# အိန္ဒိယနိုင်ငံတွင် ဖမ်းဆီးထိန်းသိမ်း ခံရသော မြန်မာစစ်ပြေး ဒုက္ခသည်များ၏ ဆင်းရဲဒုက္ခများ - မြန်မာနှင့်အိန္ဒိယပြည်သူများအတွက် အခြေအနေအစီရင်ခံချက်

စက်တင်ဘာလ၊ ၂၀၂၄




India for Myanmar

# ပါဝင်သော အကြောင်းအရာများ


- အဖွဲ့အစည်းမိတ်ဆက် - ၃
- အစီရင်ခံစာရည်ရွယ်ချက်များ - ၄
- အစီရင်ခံစာပြုစုသည့်နည်းလမ်း - ၄
- လက်ရှိမြန်မာနိုင်ငံအခြေအနေအကျဉ်းချုပ် - ၅
- အိန္ဒိယနိုင်ငံ၏ မြန်မာ့အရေးအပေါ် ရပ်တည်ချက်အကျဉ်းချုပ် - ၆
- အိန္ဒိယနိုင်ငံရှိ မြန်မာစစ်ဘေးဒုက္ခသည်များ၏ မတူညီသောအခြေအနေ အကျဉ်းချုပ် - ၇
- မဏိပူရ်ပြည်နယ်အတွင်း မြန်မာစစ်ဘေးဒုက္ခသည်များ ဖမ်းဆီးခံရပုံ - ၈
- အာသံပြည်နယ်အတွင်း မြန်မာစစ်ဘေးဒုက္ခသည်များ ဖမ်းဆီးခံရပုံ - ၈
- ဖမ်းဆီးခံ မြန်မာစစ်ဘေးဒုက္ခသည်များ၏ ဆိုးရွားလှသောအခြေအနေ - ၉
- ဒုက္ခသည်များ၏ လွတ်မြောက်ရေး ကြိုးပမ်းချက်များ
- နှင့် အာဏာပိုင်များ၏တုန့်ပြန်မှုများ - ၁၇
- ဖမ်းဆီးထောင်ချခံ မြန်မာစစ်ဘေး ဒုက္ခ သည်များအရေးနှင့် စပ်လျဉ်းပြီး နယူးဒေလီမြို့ရှိ UNHCR ရုံး၏ ဆောင်ရွက်ချက်များ - ၁၈
- အကြံပြုချက်များ - ၁၉





# ၁။ အဖွဲ့အစည်းမိတ်ဆက်

India for Myanmar (#India4Myanmar) လှုပ်ရှားမှုသည် လွတ်လပ်အမှီအခိုကင်းသော မြေပြင်လူထုစည်းရုံး လှုံ့ဆော်ရေး လှုပ်ရှားမှုတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီ ပြန်လည်ရရှိရေးအတွက် ရည်ရွယ်သော လှုပ်ရှားမှု ဖြစ်သည်။ India for Myanmar လှုပ်ရှားမှုတွင် မြန်မာနှင့် အိန္ဒိယနိုင်ငံတို့မှ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ ကျွမ်းကျင်ပညာရှင်များနှင့် တက်ကြွလှုပ်ရှားသော အဖွဲ့အစည်းများအဖွဲ့ဝင်များ ပါဝင်ကြသည်။ "အိန္ဒိယ ပြည်သူများ၏ သွေးစည်းညီညွတ်မှုသည် မြန်မာ့ဒီမိုကရေစီရေးလှုပ်ရှားမှု၏ သော့ချက်ဖြစ်သည်" ဟူသော ဆောင်ပုဒ်ဖြင့် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ ၁၅ ရက်နေ့တွင် ဤလှုပ်ရှားမှုကို စတင်ခဲ့သည်။

ဤလှုပ်ရှားမှု၏ အဓိကရည်ရွယ်ချက်မှာ အိန္ဒိယနိုင်ငံသားများက မြန်မာနိုင်ငံအခြေအနေကို နားလည်သတိပြုမိစေရန်နှင့် မြန်မာနိုင်ငံအကျပ်အတည်းအပေါ် အိန္ဒိယအစိုးရ၏ ရပ်တည်ချက်အလွဲအမှားများကို အိန္ဒိယပြည်သူများ သိရှိလာကာ မြန်မာနိုင်ငံပြည်သူများနှင့် အတူရပ်တည်ပေးလာရေး ဖြစ်သည်။ ထို့ပြင် ဤလှုပ်ရှားမှုသည် အိန္ဒိယပြည်သူများ၊ အိန္ဒိယနိုင်ငံ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အိန္ဒိယနိုင်ငံရှိ နိုင်ငံရေးပါတီများအနေဖြင့် မြန်မာပြည်သူများနှင့် အတူရပ်တည်လာပြီး လိုအပ်သော ပံ့ပိုးကူညီမှုများပေးကာ အိမ်နီးချင်းဒီမိုကရေစီနိုင်ငံကောင်းပီသစွာ မြန်မာနိုင်ငံ ဖက်ဒရယ် ဒီမိုကရေစီအရေး လှုပ်ရှားမှုများကို အားပေးထောက်ခံလာစေရန်လည်း ရည်ရွယ်ပါသည်။

India for Myanmar သည် လှုပ်ရှားမှု (၃) နှစ် ဝန်းကျင်ကာလအတွင်း အိန္ဒိယနိုင်ငံအတွင်း ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်ခြင်း အပါအဝင် နည်းလမ်းအမျိုးမျိုးဖြင့် အိန္ဒိယအစိုးရက မြန်မာဒီမိုကရေစီလှုပ်ရှားမှုနှင့်အတူ ရပ်တည်ပေးရန်နှင့် အကြမ်းဖက်စစ်အုပ်စုအား ပံ့ပိုးကူညီနေမှုများအား ရပ်တန့်ရန် တောင်းဆိုမှုများ တစ်စိုက်မတ်မတ် ပြုလုပ်လာခဲ့သည်။ ထို့ပြင် အိန္ဒိယပြည်သူများက မြန်မာနိုင်ငံအခြေအနေအကြောင်း ပိုမိုသိရှိနားလည်ကာ စာနာမှုရှိလာစေရန် မြန်မာနိုင်ငံအခြေအနေအကြောင်းနှင့် မြန်မာအကြမ်းဖက်စစ်အုပ်စုနှင့် အိန္ဒိယနိုင်ငံဗဟိုအစိုးရတို့၏ ဆက်ဆံရေးအကြောင်းကို ဖော်ပြထားသော လက်ကမ်းစာစောင်များအား တက္ကသိုလ်ကျောင်းသား/ကျောင်းသူများထံ အဓိကဦးတည်ကာ အစောင်ရေသိန်းနှင့်ချီ ဖြန့်ဝေနိုင်ခဲ့သည်။ အကြမ်းဖက်စစ်အုပ်စုနှင့် အိန္ဒိယနိုင်ငံဗဟိုအစိုးရ၏ ဆက်ဆံရေးအား မီးမောင်းထိုးပြသည့် ကာတွန်းစာအုပ်ကိုလည်း ပြုစုထုတ်ဝေခဲ့ပြီး မြန်မာနိုင်ငံစစ်အာဏာသိမ်းမှု လပေါင်း (၃၀) အတွင်း အိန္ဒိယနိုင်ငံ၏ မြန်မာ့ရေးရာ မူဝါဒနှင့် ဆက်ဆံရေးအခြေအနေအကြောင်း သုံးသပ်ချက်အစီရင်ခံစာကိုလည်း မိတ်ဖက်အဖွဲ့အစည်းဖြစ်သော ဗမာ့ရေးရာနှင့်ပဋိပက္ခ လေ့လာရေးအဖွဲ့နှင့်အတူ ပူးတွဲထုတ်ဝေခဲ့သည်။ ထို့ပြင် အိတ်ဖွင့်ပေးစာများ နှင့် ကြေညာချက်များ ထုတ်ပြန်၍ အိန္ဒိယအစိုးရနှင့် အကြမ်းဖက်စစ်အုပ်စုကြား ဆက်ဆံရေးအား ဆန့်ကျင်ကြောင်း သဘောထား ဖေ်ထုတ်ခြင်းများလည်း ဆောင်ရွက်ခဲ့ပြီး India for Myanmar ၏ လှုပ်ရှားမှုများ ပိုမိုစနစ်ကျပြီး အားကောင်းလာစေရန် အိန္ဒိယအစိုးရက ဖမ်းဆီးထားသော မြန်မာစစ်ဘေးဒုက္ခသည်များ လွတ်မြောက်ရေးအတွက် သုတေသနမှတ်တမ်းတင်မှုများလည်း ဆောင်ရွက်လျက်ရှိသည်။



# ၂။ အစီရင်ခံစာ ရည်ရွယ်ချက်များ

ဤအစီရင်ခံစာ အောက်ပါ ရည်ရွယ်ချက်များဖြင့် India for Myanmar မှ ပြုစုခြင်းဖြစ်ပါသည်။

(က) ပြင်းထန်သောအကြမ်းဖက်မှုများနှင့် အဆိုးရွားဆုံးလူသားချင်းစာနာမှုဆိုင်ရာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသော အပြစ်မဲ့မြန်မာပြည်သူလူထုအပေါ် ကမ္ဘာ့အကြီးဆုံးဒီမိုကရေစီနိုင်ငံဖြစ်သော အိမ်နီးချင်းအိန္ဒိယနိုင်ငံ အစိုးရ၏ စာနာမှုကင်းမဲ့သည့် လုပ်ရပ်များကို မှတ်တမ်းတင်ရန်။

(ခ) ဖမ်းဆီးခံ မြန်မာစစ်ဘေးဒုက္ခသည်များ၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုများ၊ အခွင့်အရေး ချိုးဖောက်ခံရ မှုများနှင့်၊ အနာဂတ်ပျောက်ကွယ်နေမှုများကို အိန္ဒိယပြည်သူများ၊ အိန္ဒိယအစိုးရတာဝန်ရှိသူများနှင့် နိုင်ငံတကာအဖွဲ့ အစည်းများက သိရှိလာပြီး မြန်မာစစ်ပြေးဒုက္ခသည်များအပေါ် စာနာဖေးမကူညီလာစေရန်။

(ဂ) မြန်မာဒုက္ခသည်များ ကြုံတွေ့နေရသော ဆင်းရဲဒုက္ခများကို အဆုံးသတ်ရန်နှင့် နှိပ်ကွပ်မှုများ ကြုံရနိုင်သည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းမပြုရေး အခြေခံမူအပါအဝင် (non-refoulement principle) နိုင်ငံတကာ စံနှုန်းများနှင့် လူသားချင်းစာနာမှုဆိုင်ရာ အခြေခံမူများနှင့်အညီ အကာအကွယ်ရရှိနိုင်ရန် အိန္ဒိယအစိုးရက လူသားချင်စာနာမှု ဆိုင်ရာ မူဝါဒများနှင့်အစီအမံများ ချမှတ်အကောင်အထည် ဖော်လာအောင် စည်းရုံးတိုက်တွန်းရန်။

(ဃ) ဖမ်းဆီးထိန်းသိမ်းခံထားရသော မြန်မာစစ်ဘေးဒုက္ခသည်များ အမြန်ဆုံးလွတ်မြောက်လာနိုင်ရန်နှင့် နောက်ထပ် မြန်မာစစ်ဘေးဒုက္ခသည်များ ဖမ်းဆီးထိန်းသိမ်းခံရခြင်းမရှိအောင် ကာကွယ်နိုင်ရန်။

(င) UNHCR အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက မြန်မာစစ်ဘေးဒုက္ခသည်များကို ထိရောက်သော လူသားချင်းစာနာမှုအကူအညီများ ပေးလာစေရန်နှင့် ဒုက္ခသည်များ၏ အခွင့်အရေးကို ကာကွယ်မြှင့်တင်မှုများ ပိုမိုတိုးမြှင့် ဆောင်ရွက်လာစေရန်။

# ၃။ အစီရင်ခံစာပြုစုသည့်နည်းလမ်း

ဤအစီရင်ခံစာသည် ပြည်တွင်းပြည်ပ သတင်းမီဒီယာများမှ သတင်းများ၊ ဆောင်းပါးများ၊ သုံးသပ်ချက်များ၊ အိန္ဒိယအစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များ၊ မြန်မာစစ်ကောင်စီ၏ထုတ်ပြန်ချက်များ၊ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဒုက္ခသည်များ၏ မိသားစုဝင်များ၏ ထွက်ဆိုချက်များ၊ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ဒုက္ခသည်များ၏ ရှေ့နေများ၏ ထွက်ဆိုချက်များ၊ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက် မြန်မာပြည်သို့ ပြန်လည်ပို့ဆောင်ခြင်းခံခဲ့ရသည့် ဒုက္ခသည်များ၏ ထွက်ဆိုချက်များနှင့် ထောင်တွင်း၌ ဖမ်းဆီးထိန်းသိမ်းခံသူများ၏ တစ်ဆင့် ပြန်လည်ပြောကြားချက်များမှ ရရှိလာသော အချက်အလက်များကို အဓိက အခြေခံထားသည်။ ထို့အပြင် ဖမ်းဆီးထိန်းသိမ်းခံရသူများ လွတ်မြောက်ရေးအတွက် India for Myanmar မှ သက်ဆိုင်ရာတာဝန်ရှိသူများ၏ တိုက်ရိုက်ပါဝင်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများ၊ ဖမ်းဆီးထိန်းသိမ်း ခံရသူများအား ကူညီရာတွင် သွယ်ဝိုက်ပါဝင်ပတ်သက်နေသူများနှင့် တွေ့ဆုံဆွေးနွေးချက်များနှင့် (၃) နှစ်ခန့်အတွင်း India for Myanmar က ပြုစုလာခဲ့သော အချက်အလက်များနှင့် ပေါင်းစပ်၍ ဤအစီအရင်ခံစာကို ရေးသားပြုစု ထားသည်။ ဤအစီရင်ခံစာတွင် ထပ်မံဖြည့်စွက်အတည်ပြုရန် လိုအပ်သော အချက်အလက်များအတွက်ကိုလည်း သက်ဆိုင်သူများနှင့် နောက်ဆက်တွဲဆက်သွယ်မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ ဤအစီရင်ခံစာတွင် အိန္ဒိယနိုင်ငံတွင် ဖမ်းဆီးခံခဲ့ရသော မြန်မာဒုက္ခသည်များကို မတူညီသော ထိခိုက်လွယ်မှု အခြေအနေရှိသည့် အုပ်စုများအလိုက်ခွဲကာ ၎င်းတို့၏ အတွေ့အကြုံများ၊ အခွင့်အရေးချိုးဖောက်ခံရမှုများနှင့် ထောင်တွင်း အခက်အခဲများအကြောင်းကို အဓိက တင်ပြထားသည်။

# ၄။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေ အကျဉ်းချုပ်

ပြည်ထောင်စု မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၄) ရက်နေ့တွင် ကိုလိုနီလက်အောက်မှ လွတ်လပ်ရေး ရယူပြီးနောက် ပုံစံမျိုးစုံသော ပြည်တွင်း နိုင်ငံရေး၊ စစ်ရေး ပဋိပက္ခများ၊ မတည်ငြိမ်မှုနှင့် ဆက်လက်ရင်ဆိုင်လာခဲ့ရပြီး ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁) ရက်နေ့ တရားမဝင်အာဏာသိမ်းမှု ဖြစ်ပွားပြီးနောက် ရင်ဆိုင်နေသော ပဋိပက္ခနှင့် အထွေထွေ အကျပ်အတည်းများသည် သမိုင်းတလျှောက် အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိလာခဲ့သည်။ ဤသို့ တိုင်းပြည်အာဏာ မတရားသိမ်းယူလာခဲ့သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁) ရက်နေ့ မှ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်နေ့ အထိ ကာလအတွင်းတွင် အကြမ်းဖက်စစ်အုပ်စုသည် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများစွာ ကျူးလွန်ခဲ့သည်။ အကြမ်းဖက်စစ်အုပ်စုသည် ထိုကာလအတွင်းတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် တိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ဒါဇင်နှင့်ချီသော နိုင်ငံတော်အကြီးအကဲများနှင့် အပြစ်မဲ့ပြည်သူ ၂၆,၈၀၀ ကျော်ကို[1] ဖမ်းဆီးထောင်ချခြင်း၊ ဘာသာရေးအဆောက်အဦများ အပါအဝင် ပြည်သူ့နေအိမ်နှင့် အဆောက်အဦ ပေါင်း ၈၈,၀၀၀ ကျော်အား[2] မီးရှို့ဖျက်ဆီးခြင်း၊ ၁၁၅ ကြိမ်ကျော်[3] ငါးဦးအထက် အစုလိုက်အပြုံလိုက် သတ်ဖြတ်ခြင်း၊ မတရားစစ်မှုထမ်း ဥပဒေပြဋ္ဌာန်းကာ လူငယ် ၉၀၀၀ ကျော်အား[4] အဓမ္မစစ်မှုထမ်းစေခြင်း၊ စစ်မြေပြင်တွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကို လက်နက်သဖွယ်အသုံးပြုခြင်း စသည့် ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုနှင့် နိုင်ငံတကာရာဇဝတ်မှုများကို အစဉ်တစိုက် ကျူးလွန်လာခဲ့သည်။ ထိုသို့ အကြမ်းဖက်စစ်အုပ်စု၏ ရက်စက်ကြမ်းကြုတ်သော လုပ်ရပ်များမှ လွတ်မြောက်နိုင်ရန် မြန်မာနိုင်ငံသား ၃.၄ သန်းကျော်သည်[5] နေအိမ်စွန့်ခွာထွက်ပြေးခဲ့ကြပြီး ပြည်သူ ၁.၂ သန်းကျော်သည်[6] အိမ်နီးချင်းနိုင်ငံများသို့ စစ်ပြေး ဒုက္ခသည်ဘဝဖြင့် ထွက်ပြေးခိုလှုံနေကြရကာ အိန္ဒိယနိုင်ငံတွင် ခိုလှုံနေသောပြည်သူမှာ ၇၀,၀၀၀ ခန့်အထိ ရှိနေသည်။ ထို့ပြင် အကြမ်းဖက်စစ်အုပ်စု၏ မတရားအာဏာသိမ်းမှုနှင့် နောက်ဆက်တွဲ ပဋိပက္ခများကြောင့် ပြည်သူ ၁၈.၆ သန်းခန့်[7] လူသားချင်းစာနာမှုအကူအညီများ အရေးပေါ်လိုအပ်သည့် အခြေအနေသို့ ရောက်နေရသည်။ လက်နက်ကိုင်ပဋိပက္ခ သတင်းအချက်အလက်များ လေ့လာစောင့်ကြည့်နေသည့် Armed Conflict Location & Event Data Project (ACLED) သုတေသနအဖွဲ့၏ ကမ္ဘာ့ပဋိပက္ခညွှန်းကိန်းတွင်လည်း မြန်မာနိုင်ငံသည် အဆင့် (၂) တွင်[8] ရှိနေသည်။ အဆိုပါ အချက်အလက်များအရ မြန်မာနိုင်ငံထက် ပဋိပက္ခပိုများသောနိုင်ငံဟူ၍ လက်ရှိတွင် ပါလက်စတိုင်းသား ရှိတော့သည်။



# ၅။ အိန္ဒိယနိုင်ငံ၏ မြန်မာ့အရေးအပေါ် ရပ်တည်ချက် အကျဉ်းချုပ်

အိန္ဒိယနိုင်ငံဗဟိုအစိုးရသည် ၂၀၂၁ ခုနှစ်၊ မတ်လမှ စတင်ပြီး မြန်မာနိုင်ငံနှင့်ထိစပ်သော အိန္ဒိယနယ်စပ်ပြည်နယ်များအား မြန်မာစစ်ဘေးဒုက္ခသည်များကို လက်မခံရန် တွန်းအားပေးမှုများ စတင်လုပ်ဆောင်ခဲ့သည်[9]။ ထို့အပြင် ၂၀၂၁ ခုနှစ်၊ မေလ (၃) ရက်နေ့မှ စတင်သော မဏိပူရ်ပြည်နယ်အတွင်း ပဋိပက္ခတွင် မြန်မာနိုင်ငံသားများ ပါဝင်ပတ်သက်မှုရှိသည်ဟု မဟုတ်မမှန်စွပ်စွဲကာ မြန်မာနိုင်ငံစစ်ဘေးဒုက္ခသည်များ၏ အသက်လုံခြုံရေးအား တိုက်ရိုက်ထိခိုက်စေသည့် လုပ်ဆောင်ချက်များကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်မှုများရှိခဲ့သည်[10]။ တစ်ဖက်တွင် မီဇိုရမ်ကဲ့သို့ တချို့နယ်စပ် ပြည်နယ်အစိုးရများ နှင့် ပြည်သူများသည် ဗဟိုအစိုးရ၏ ဖိအားပေးမှုကိုပယ်ချပြီး မြန်မာနိုင်ငံသားများနှင့် အတူရပ်တည်ကာ စစ်ဘေးဒုက္ခ သည်များကိုလည်း အကူအညီပေးခဲ့ကြသော်လည်း မဏိပူရ်ပြည်နယ်နှင့် အာသံပြည်နယ်တို့သည် အိန္ဒိယဗဟိုအစိုးရ၏ မြန်မာစစ်ဘေးဒုက္ခသည်များ လက်မခံရေးမူဝါဒအပေါ် အခြေခံပြီး မြန်မာနိုင်ငံသားများအား ဖမ်းဆီးထောင်ချမှုများ စတင်ဆောင်ရွက်လာခဲ့ကြသည်။ အိန္ဒိယအာဏာပိုင်များသည် မွေးကင်းစကလေးငယ်များ အပါအဝင် မြန်မာစစ်ဘေး ဒုက္ခသည် ၂၅၀ ခန့်ကို ဖမ်းဆီး ထောင်ချခဲ့ပြီး အချို့ဖမ်းဆီးထောင်ချခံရသူများ၏ အသက်လုံခြုံရေးကို ငဲ့ညှာခြင်းမရှိဘဲ အကြမ်းဖက်စစ်အုပ်စုထံ ပြန်လည်လွှဲပြောင်းမှုများ ပြုလုပ်ခဲ့သည်။

အိန္ဒိယနိုင်ငံဗဟိုအစိုးရသည် တစ်ဖက်တွင် မြန်မာစစ်ပြေးဒုက္ခသည်များကို ပြန်တွန်းထုတ်နေချိန်တွင် တစ်ဖက်တွင်လည်း အကြမ်းဖက်စစ်အုပ်စု အာဏာသက်ဆိုးရှည်အောင် နည်းလမ်းအမျိုးမျိုးဖြင့် စနစ်တကျ ကူညီပေးလျက်ရှိသည်။ အိန္ဒိယ နိုင်ငံဗဟိုအစိုးရသည် အကြမ်းဖက်စစ်အုပ်စုအား လက်နက်ကြီး၊ လက်နက်ငယ်များ ဆက်လက်ရောင်းချခြင်းဖြင့်[11]အကြမ်းဖက်စစ်အုပ်စု၏ လက်နက်လိုအပ်ချက်အား ကူညီဖြည့်ဆည်းပေးလာခဲ့သလို၊ UN နှင့် ASEAN တို့က မြန်မာပြည်အတွင်း ငြိမ်းချမ်းရေးနှင့်ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးအတွက် အကြမ်းဖက်စစ်အုပ်စုအား နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများဆိုင်ရာ အဆင့်မြင့်အစည်းအဝေးများတွင် တက်ရောက်ခွင့်ပိတ်ပင်ခြင်း အပါအဝင် နည်းလမ်းမျိုးစုံ ဖြင့် ဖိအားပေးနေချိန်တွင် အိန္ဒိယအစိုးရ၏ အစိကဦးဆောင်မှုဖြင့် ဖွဲ့စည်းထားသော BIMSTEC ဒေသတွင်း နိုင်ငံများ အဖွဲ့တွင် အကြမ်းဖက်စစ်အုပ်စုအား ပြည်ထောင်စုမြန်မာနိုင်ငံ ကိုယ်စားပြုအစိုးရအဖြစ် ဆက်လက်ပါဝင်ခွင့်ပြုကာ နိုင်ငံကာ၏ အကြမ်းဖက်စစ်အုပ်စုကို ဖယ်ကြဉ်မှုမှ ကင်းလွတ်နိုင်အောင် ဆက်လက်ကူညီပံ့ပိုးနေသည်။

ထို့ပြင် မြန်မာစစ်အုပ်စု၏ အကြမ်းဖက်မှုများရပ်တန့်လာအောင် နိုင်ငံတကာက ဖိအားပေးသည့်အနေဖြင့် နည်းမျိုးစုံဖြင့် စီးပွားရေးပိတ်ဆို့မှုများ ပြုလုပ်နေချိန်တွင် အိန္ဒိယဗဟိုအစိုးရသည် မြန်မာနိုင်ငံအတွင်း အိန္ဒိယအစိုးရ၏ ရင်းနှီးမြှုပ်နှံမှုများအား ဆက်လက်အကောင်အထည်ဖော်ကာ အကြမ်းဖက်စစ်အုပ်စုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးချဲ့လုပ်ဆောင်လာခဲ့ပြီး မကြာသေးမီကလည်း နိုင်ငံတကာစီးပွားရေး ပိတ်ဆို့မှုများ၏ သက်ရောက်မှုကို လျှော့ချနိုင်ရန် ကျပ်-ရူပီး တိုက်ရိုက်ကုန်သွယ်မှုအစီအစဉ်ကို အကောင်အထည်ဖော်ခဲ့သည်[12]။ ထို့အပြင် တရုတ်နှင့် ရုရှားတို့ ကဲ့သို့သော မြန်မာစစ်အုပ်စု၏ ရည်ရှည်မဟာမိတ်အာဏာရှင်နိုင်ငံများကလွဲပြီး အခြားကမ္ဘာ့ဒီမိုကရေစီနိုင်ငံများက စစ်အုပ်စုနှင့် ပူးပေါင်းမှုများကို ရှောင်ရှားကာ မြန်မာနိုင်ငံအတွင်း အာဏာရှင်စနစ်အဆုံးရေးအတွက် အကြမ်းဖက်စစ်အုပ်စုအား သံတမန်ရေး အသိအမှတ်မပြုခြင်းဖြင့် ဖိအားပေးနေကြချိန်တွင် အိန္ဒိယနိုင်ငံဗဟိုအစိုးရသည် အကြမ်းဖက်စစ်အုပ်စုက ပြည်သူလူထု၏ ဆန္ဒနှင့်ဆန့်ကျင်ကာ ကျင်းပရန်ပြင်ဆင်နေသည့် တရားမဝင်ရွေးကောက်ပွဲကို ထောက်ခံမှုပေးခဲ့ပြီး အကြမ်းဖက်စစ်အုပ်စုအား နိုင်ငံခြားရေးဝန်ကြီးအဆင့် သံတမန်ဆက်ဆံရေးဖြင့် ဆက်လက်ကူညီပေးနေလျက်ရှိသည်။



# ၆။ အိန္ဒိယနိုင်ငံရှိ မြန်မာ စစ်ဘေးဒုက္ခသည်များ၏ မတူညီသောအခြေအနေ အကျဉ်းချုပ်



၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁) ရက်နေ့ အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် မြန်မာပြည်သူအများအပြားသည် အိုးအိမ်စွန့်ခွာကာ အိန္ဒိယနိုင်ငံအတွင်းသို့ ဝင်ရောက်ခိုလှုံလာခဲ့ရပြီး အဓိကအားဖြင့် မီဇိုရမ်၊ မဏိပူရ်၊ အာရုနာချယ်နှင့် နာဂလဲန်း ပြည်နယ်များနှင့် နယူးဒေလီမြို့တို့တွင် အဓိကနေထိုင်ကြသည်။ ၎င်းတို့အနက် အများစုသည် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မကွေးတိုင်း တို့မှဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်မှ ပြည်သူများလည်း အနည်းငယ် ပါဝင်သည်။ အဆိုပါ မြန်မာစစ်ဘေး ဒုက္ခသည်များသည် ပြည်နယ်အလိုက် အရေအတွက်အားဖြင့် မီဇိုရမ်ပြည်နယ်တွင် ၅၀,၀၀၀ ခန့်၊[13] မဏိပူရ် ပြည်နယ်တွင် ၁၀,၀၀၀ ခန့်၊[14] နယူးဒေလီမြို့တွင် ၁၀,၀၀၀ ခန့်[15] နှင့် အာရုနာချာပြည်နယ်နှင့် နာဂလဲန်း ပြည်နယ်တို့တွင် ၁,၀၀၀ ခန့် [16]စုစုပေါင်း ၇၀,၀၀၀ ခန့် ရှိမည်ဟု ခန့်မှန်းချက်များ ရှိထားသည်။ သို့သော် အိန္ဒိယအစိုးရက မြန်မာဒုက္ခသည်များကို လက်ခံကူညီကာ စနစ်တကျစာရင်းပြုစုခြင်း မရှိခြင်းကြောင့် မြန်မာ စစ်ဘေးဒုက္ခသည်များ၏ အရေးအတွက်ကို ပိုမိုတိကျစွာခန့်မှန်းနိုင်ရန် စိန်ခေါ်မှုရှိနေသည်။

အိန္ဒိယနိုင်ငံတွင်ခိုလှုံနေသော မြန်မာစစ်ဘေးဒုက္ခသည်များသည် ၎င်းတို့နေထိုင်ရာ ပြည်နယ်များ၏ မတူညီသော အခြေအနေများအလိုက် မတူသောအခက်အခဲများစွာနှင့် ရင်ဆိုင်နေကြရသည်။ မီဇိုရမ်၊ အရုနာချယ်နှင့် နာဂလဲန်း ပြည်နယ်တို့တွင် ခိုလှုံနေသော မြန်မာဒုက္ခသည်များသည် သက်ဆိုင်ရာပြည်နယ်အစိုးရနှင့် ပြည်သူများ၏ ဖေးမကူညီမှု ရရှိကြသော်လည်း ရေရှည်ရှင်သန်ရပ်တည်ရေးအတွက် စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေရပြီး အဓိကစိန်ခေါ်မှုများမှာ နေ့စဉ်စားဝတ်နေရေးအတွက် ရေရှည်ရပ်တည်ရန် ခက်ခဲခြင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုအကူအညီများ မရရှိကြခြင်းဖြစ်သည်။ မဏိပူရ်ပြည်နယ်ကဲ့သို့ ပြည်နယ်များကမူ မြန်မာစစ်ပြေး ဒုက္ခသည်များကို လက်ခံလိုခြင်းမရှိသလို ပစ်မှတ်ထား ဖမ်းဆီးထိန်းသိမ်းမှုများလည်း ပြုလုပ်နေကြသောကြောင့် စိန်ခေါ်မှုပို၍ကြီးမားသည်။ မဏိပူရ်တွင် နေထိုင်သော မြန်မာစစ်ပြေးဒုက္ခသည်များသည် နိုင်ငံတကာလူသားချင်းစာနာမှု အကူအညီမရှိသောကြောင့် နေ့စဉ် စားဝတ်နေရေး အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့်အပြင် မြန်မာဒုက္ခသည်များဆန့်ကျင်ရေး လှုံ့ဆော်မှုများကြောင့် အသက်လုံခြုံရေးအတွက် ခြိမ်းခြောက်မှုများနှင့် ကြုံနေရပြီး အကာအကွယ်လည်း မဲ့နေကြသည်။ နယူးဒေလီမြို့တွင် ခိုလှုံနေကြသော မြန်မာစစ်ဘေးဒုက္ခသည်များကမူ UNHCR အသိအမှတ်ပြုကဒ် ရရှိကြသောကြောင့် လုံခြုံရေးအတွက် တစ်စုံတစ်ရာ အကာအကွယ်ရကြသော်လည်း လူသားချင်းစာနာမှု အကူအညီနှင့် ဘေးကင်းလုံခြုံစွာ နေထိုင်နိုင်ရေး အမိုးအကာ ထောက်ပံ့မှု မရှိသောကြောင့် စားဝတ်နေရေးအတွက် ခက်ခဲစွာရုန်းကန်နေကြရပြီး တရားဝင် အလုပ်လုပ်ခွင့် စာရွက်ထောက်အထား မရှိခြင်းကြောင့် အလုပ်အကိုင်ရှားပါးခြင်းနှင့် လုပ်ငန်းခွင်အတွင်း ခေါင်းပုံဖြတ်ခံရခြင်း စသည့် အခက်အခဲများနှင့် ရင်ဆိုင်နေကြသည်။

# ၇။ မဏိပူရ်ပြည်နယ်အတွင်း မြန်မာစစ်ဘေးဒုက္ခသည်များ ဖမ်းဆီးခံရပုံ

မဏိပူရ်ပြည်နယ်တွင် မြန်မာစစ်ဘေးဒုက္ခသည်များသည် ပုံစံမျိုးစုံဖြင့် ဖမ်းဆီးခြင်းခံနေကြရသည်။ ဖမ်းဆီးထိန်းသိမ်းခံရသူများတွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) နေ့ အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းမှုမတိုင်မီ မဏိပူရ်ပြည်နယ်သို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိကာ နှစ်ရှည်မဏိပူရ်ပြည်နယ်အတွင်း နေထိုင်လာခဲ့သော လူပုဂ္ဂိုလ်များ အနည်းငယ်ပါဝင်ပြီး အများစုသည် အာဏာသိမ်းမှုဖြစ်ပွားပြီးနောက် စစ်ပြေးဒုက္ခသည်များအဖြစ် ရောက်ရှိလာသော လူပုဂ္ဂိုလ်များဖြစ်ကြသည်။ ၎င်းတို့သည် အဓိကအားဖြင့် မဏိပူရ်ပြည်နယ် ရဲတပ်ဖွဲ့၏ မြန်မာစစ်ဘေးဒုက္ခသည်များ ဖမ်းဆီးနှိမ်နင်းရေး စီမံချက်အတွင်း အဖမ်းခံရခြင်းဖြစ်ပြီး၊ UNHCR အသိအမှတ်ပြု အထောက်အထားရရှိရန် မဏိပူရ်ပြည်နယ် မှ UNHCFR ရုံးစိုက်ရာ နယူးဒေလီမြို့သို့အသွား လမ်းမပေါ်တွင် ဖမ်းဆီးခံရသူများလည်း အများအပြားရှိသည်။ ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံအတွင်း ဖေဖော်ဝါရီ၊ ၂၀၂၁ စစ်အာဏာသိမ်းမှုကြောင့် အိန္ဒိယနိုင်ငံသို့ ခိုလှုံလာသော မြန်မာ စစ်ဘေးဒုက္ခသည်များကို မဏိပူရ်ပြည်နယ်အစိုးရက ရည်ရွယ်ချက်ရှိရှိ ဖမ်းဆီးရန် ကြိုးပမ်းမှုများ၏ အကျိုးဆက်များကို တွေ့နိုင်သည်။ ဤဖမ်းဆီးခံရသူများ အားလုံးနီးပါးသည် အမှုရင်ဆိုင်ပြီးသူများဖြစ်ပြီး အချို့မှာ မည်သည့်အမှုဖြင့် တရားစွဲဆိုခံရကြောင်းမသိ၊ တရားရင်ဆိုင်ခွင့်လည်းမရှိ၊ အပြစ်လုံးဝကျူးလွန်ခြင်း မရှိပဲ 'တရားမဝင်ရွှေ့ပြောင်းလာသော' မြန်မာနိုင်ငံသားဖြစ်မှု တစ်ခုကိုသာအခြေခံပြီး နှစ်ချီထောင်ထဲတွင် ထိန်းသိမ်း ခံထားရသူများဖြစ်သည်။

တဖက်တွင်လည်း ဝမ်းနည်းဖွယ်ကောင်းသည်မှာ ဝန်ကြီးချုပ် Biren Singh ဦးဆောင်သော မဏိပူရ်အစိုးရသည် ယနေ့တိုင် မြန်မာစစ်ဘေးဒုက္ခသည်များကို တရားမဝင်ပြောင်းရွှေ့သူများဟုသာ ဆက်လက်တံဆိပ်ကပ်ကာ ဒုက္ခသည် မုန်းတီးရေး ဆက်လက်ဝါဒဖြန့်ပြီး မဏိပူရ်ပြည်သူများကို လိုသည်ထက် ပိုမိုစိုးရိမ်မှုများဖြစ်အောင် ပြုလုပ်နေသည်ကို တွေ့ရသည်။ ဤလုပ်ရပ်များသည် နိုင်ငံရေးအရအသုံးချရန် မြန်မာစစ်ဘေးဒုက္ခသည်များအပေါ် တိုက်ခိုက်နေသည့်ပုံစံမျိုး ဖြစ်နေပြီး ဖမ်းဆီးခံထားရသူများသာမက မဏိပူရ်တွင်ခိုလှုံနေသည့် ၎င်းတို့မိသားစုဝင်များ၏ လုံခြုံရေးကိုပါ အန္တရာယ် ကျရောက်နိုင်သောကြောင့် အလွန်စိုးရိမ်ဖွယ်ရာ ကိစ္စတစ်ခုဖြစ်သည်။ တကယ်တမ်းတွင် တရားမဝင် ရွှေ့ပြောင်းအခြေချ နေထိုင်သူများဖြစ်စေ၊ နိုင်ငံရေးအရခိုလှုံသူများဖြစ်စေ၊ စစ်ပြေးဒုက္ခသည်များဖြစ်စေ မည်သို့အမည်တပ်ထားစေကာမူ ဖမ်းဆီးခံသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအားလုံးကို အိန္ဒိယအစိုးရက ဇီဝအချက်အလက် (biometric data) ဖြင့် စာရင်းသွင်းထားပြီး ဖြစ်သောကြောင့် မဏိပူရ်အစိုးရက စွတ်စွဲထားသော 'တရားမဝင် လာရောက်ခြေချနေထိုင်သူများ' နှင့် နောက်ဆက်တွဲ လုံခြုံရေးဆိုင်ရာစိုးရိမ်ချက်များသည် စိုးရိမ်စရာတစ်ခု မဖြစ်သင့်တော့ပေ။

# ၈။ အာသံပြည်နယ်အတွင်း မြန်မာစစ်ဘေးဒုက္ခသည်များ ဖမ်းဆီးခံရပုံ

အာသံပြည်နယ်တွင် ဖမ်းဆီးခံရသော မြန်မာဒုက္ခသည်များသည် UNHCR အသိအမှတ်ပြုကဒ်ပြုလုပ်ရန် မီဇိုရမ်ပြည်နယ်မှ နယူးဒေလီမြို့သို့အသွား အာသံပြည်နယ်ကိုဖြတ်စဉ် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၁၂) ရက်နေ့မှစပြီး အာသံပြည်နယ်တွင် ဖမ်းဆီးခံရသူ (၂၇) ဦးရှိပြီး Guwahati မြို့ရှိ ထောင်တွင် ထိန်းသိမ်းခံထားရသည်။ ၎င်းတို့အနက် ၅ ဦးသည် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ၊ (၁၀) ရက်နေ့တွင် ဖမ်းဆီးခံရခြင်းဖြစ်ပြီး လက်ရှိတွင် Sichar ထောင်တွင် ထိန်းသိမ်းခံထားရဖြစ်သည်။ သို့သော် Sichar တွင် ထိန်းသိမ်းခံရသူများ၏ အချက်အလက်များကို ၎င်းတို့ ဖမ်းဆီးခံရသည့်အကြောင်း ဆက်စပ်သိရှိသူများထံမှတဆင့် လက်ခံရရှိခြင်းဖြစ်ပြီး ကျွန်ုပ်တို့အနေဖြင့် ကာရကံရှင်များနှင့် ဖြစ်စေ ၎င်းတို့၏ မိသားစုဝင်များနှင့်ဖြစ်စေ တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ခြင်း မရှိသေးပါ။ အာသံပြည်နယ်အတွင်း ဖမ်းဆီးခံရသူများအားလုံးသည်လည်း အမှုရင်ဆိုင်ပြီး ပြစ်မှုကင်းလွတ်ပြီးသော စစ်ဘေးဒုက္ခသည်များ ဖြစ်ကြသည်။

# ၉။ ဖမ်းဆီးခံ မြန်မာစစ်ဘေး ဒုက္ခသည်များ၏ ဆိုးရွားလှသော အခြေအနေ

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်နှင့် အာသံပြည်နယ်တို့တွင် ဖမ်းဆီးခံရသူများ စုစုပေါင်း ကျား (၁၄၆) ဦးနှင့် အမျိုးသမီး (၁၀၄) ဦး စုစုပေါင်း (၂၅၀) အထိ India for Myanmar က စာရင်းပြုစုထားနိုင်သည်။ အိန္ဒိယအာဏာပိုင်များသည် အဆိုပါ ၂၅၀ ဦးမှ ၇၇ ဦး (ကျား-၂၆/ မ-၅၂) ကို မြန်မာအကြမ်းဖက်စစ်အုပ်စုထံသို့ ၂၀၂၄ ခုနှစ် မေလ (၂) ရက်နေ့တွင် တစ်ကြိမ်၊ ဇွန်လ (၁၁) ရက်နေ့တွင်တစ်ကြိမ် ပြန်ပို့ခဲ့သည်။ အဆိုပါ ၂၅၀ ဦးသော ဖမ်းဆီးခံရသူများအနက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ အာဏာသိမ်းမှုမတိုင်မီ ဖမ်းဆီးခံရသူ (၇) ဦး ခန့်ပါဝင်ပြီး ကျန်သူများသည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ အာဏာသိမ်းမှုနောက်ပိုင်း ဖမ်းဆီးခံရခြင်းဖြစ်သည်။ လက်ရှိအချိန်တွင် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့ မတိုင်မီ အဖမ်းခံရသူ (၇) ဦး အပါအဝင် မတရား ဆက်လက်ထိန်းသိမ်းခံထားရသော မြန်မာစစ်ဘေးဒုက္ခသည် စုစုပေါင်း (၁၇၃) ဦး ရှိနေပြီး ၎င်းတို့သည် မဏိပူရ်ထောင်နှင့် အာသံထောင်များတွင် ဆိုးရွားသော ထောင်တွင်းအခြေအနေများကို အခက်အခဲများစွာဖြင့် ရင်ဆိုင်ဖြတ်ကျော်နေရသည်။

ဖမ်းဆီးထိန်းသိမ်းခံထားရသူများ၏ မတူညီသောအခက်အခဲများနှင့် သီးခြားထိခိုက်နစ်နာမှုများကို တင်ပြနိုင်ရန် ဤအစီရင်ခံစာထဲတွင် ၎င်းတို့ကြုံတွေ့ရသည့် ထိခိုက်လွယ်မှုအခြေအနေနှင့် မတူညီသောအခက်အခဲများကို အခြေခံ၍ အုပ်စုခွဲထားသည်။ ထိုအုပ်စုများကို အရေအတွက်အားဖြင့် ဖော်ပြရလျှင် ထောင်တွင်းမွေးဖွားခဲ့သော ကလေးငယ် (၇) ဦး အပါအဝင် အသက် ၁၅ နှစ်အောက် ကလေးသူငယ် (၂၆) ဦး၊ အသက် ၁၅ နှစ် မှ ၂၇ နှစ် ကြား အထက်တန်း နှင့် အဆင့်မြင့်ပညာသင်ကြားသည့်အရွယ် လူငယ် (၆၇) ဦး၊ မိသားစုအတွင်း အိမ်ထောင်ဦးစီးတာဝန် ထမ်းဆောင်နေကြသော အသက် ၂၇ နှစ် မှ ၅၀ နှစ် အရွယ် လူလတ်ပိုင်း (၁၀၉) ဦးနှင့် အသက် ၅၀ နှစ်အထက် သက်ကြီးပိုင်း (၂၈) ဦး တို့ ပါဝင်ကြသည်။ ကျန်ထိန်းသိမ်းခံထားရသူ (၂၀) ဦးမှာ ဆက်သွယ်ရေး စိန်ခေါ်မှုများကြောင့် ၎င်းတို့၏ အသက်အရွယ်နှင့် ပုဂ္ဂိုလ်ရေးအချက်အလက်များကို အတည်ပြုနိုင်ခြင်း မရှိသေးပါ။ ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရသူများထဲတွင် မိသားစု အလိုက် ဖမ်းဆီးခြင်းခံခဲ့ရသူ အများအပြားပါဝင်ကာ စုစုပေါင်း မိသားစု (၆၀) ခန့်ရှိပြီး ၎င်းတို့သည် လွတ်ရက်မသိနိုင်ပဲ မိသားစု လိုက် ထောင်ဒဏ်တသက်ကျခံနေရသကဲ့သို့ ဆိုးရွားသော ထောင်တွင်းအခြေအနေများအတွင်း မိသားစု တကွဲတပြားဖြင့် ထိန်းထိမ်းခံထားရသည်။ ထို့ပြင် Sichar တွင် ချုပ်နှောင်ခံထားရသူများကို မိသားစုအလိုက် ဖမ်းဆီးခံရခြင်းဟုတ်မဟုတ် အတည်ပြုနိုင်ခြင်း မရှိသေးသောကြောင့် အဖွဲ့လိုက် ဖမ်းဆီးခံခဲ့ရသည့် မိသားစု အရေအတွက် (၆၀) ထက် ပိုများနိုင်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးခံရသူအားလုံးသည် ဒုက္ခသည်များအဖြစ် စာနာကူညီမှုမရပဲ မတရားဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည့်အပြင် တကယ်တမ်းတွင် ဖမ်းဆီးခံရပြီးနောက်ပိုင်း ကျခံရမည့်ပြစ်ဒဏ်များကိုလည်း ခံယူပြီးဖြစ်သောကြောင့် မည်သို့သောအကြောင်းပြချက်များပေး၍ မည်သို့သောသီးခြားလွတ်လပ်ခွင့်များစီစဉ်ပေးထားပါစေ ဆိုးရွားသော ထောင်တွင်းအခြေအနေများအတွင်း အခွင့်အရေးများစွာ ဆုံးရှုံးနစ်နာနေရသောကြောင့် ၎င်းတို့အား ဆက်လက်ထိန်းသိမ်းထားခြင်းသည် မည်သည့်နည်းနှင့်မျှ တရားမျှတမှုမရှိနိုင်ပေ။ အထူးသဖြင့် ထို့သို့မတရားဆက်လက်ထိန်းသိမ်း ခံထားရသူများ ထဲတွင် ပါဝင်နေသည့် မွေးကင်းစကလေးငယ်များ၊ အသက်မပြည့် သေးသောကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ သည် တင်းကျပ်သော ထောင်စည်းကမ်းများအတိုင်း လိုက်နာနေထိုင်ရသောကြောင့် ပညာရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်အဘက်ဘက်မှ ကြီးမားသော ထိခိုက်နစ်နာမှုများစွာ ကြုံတွေ့နေရသည်။

ဖမ်းဆီးခံထားရသူများသည် အခက်အခဲများနှင့် နစ်နာဆုံးရှုံးမှုများမှာ အမျိုးမျိုး ကြုံတွေ့နေရပြီး ထိုထဲတွင် ထောင်ထဲတွင် မွေးဖွားသော ကလေးငယ်များအတွက် ကာကွယ်ဆေး ထိုးနှံခွင့်မရခြင်း၊ သန့်ရှင်းသောသောက်သုံးရေ မရရှိခြင်း၊ နှစ်ပတ် (သို့မဟုတ်) တစ်ပတ် တစ်ကြိမ်သာ ရေချိုးခွင့်ရခြင်း၊ တခြားရာဇဝတ်အကျဉ်းသားများ၏ အနိုင်ကျင့်စော်ကားခံရခြင်း၊ မိသားစုဝင်များနှင့် ဆက်သွယ်ခွင့်ကန့်သတ်ခံရခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာမရှိခြင်း၊ အရေးပေါ်အခြေအနေမှအပ ဆေးကုသခွင့်မရခြင်း စသည့်တို့ပါဝင်သည်။

ထို့ပြင် ထိန်းသိမ်းခံထားရသော မြန်မာဒုက္ခသည်များသည် ထောင်အာဏာပိုင်များ၏ နည်းအမျိုးမျိုးဖြင့် ငွေညှစ်ခြင်း ခံနေရသည်။ ဥပမာ - ၎င်းတို့သည် မိသားစုများထံ ဆက်သွယ်ရန် ထောင်အာဏာပိုင်များကို အခကြေးငွေများ ပေးရလေ့ရှိသည်။ ထို့ပြင် ဖမ်းဆီးထိန်းသိမ်းခံရသူ (၂၁) ဦးကို ထောင်အာဏာပိုင်များက လွှတ်ပေးမည်ဟု မဟုတ်မမှန် ကတိပြုကာ ရူပီးငွေ (ထိုကာလငွေလဲနှုန်းအရ မြန်မာငွေကျပ်သိန်း ၂၀ ခန့်) တောင်းခံခဲ့ပြီး တကယ်တမ်းတွင် ပြန်လွှတ်ပေးခဲ့ခြင်း မရှိသလို ထိုငွေများကိုလည်း ပြန်မပေးတော့ပေ။ ဖမ်းဆီးခံသူများသည် လက်ရှိအချိန်အထိ ထောင်အာဏာပိုင်များကို တိုက်ရိုက်ပေးရသည့် အခကြေးငွေများမပါဘဲ ဖမ်းဆီးခံသူများ၏ လိုအပ်ချက်များ နှင့် ရှေ့နေငှားခသီးသန့်ကဲ့သို့ အခြားကုန်ကျစရိတ်များ သီးသန့်အတွက် လူတစ်ဦးကို ရူပီးငွေအနည်းဆုံး ၁၀၀,၀၀၀ ခန့် ကုန်ကျခဲ့ရပြီး မိသားစုအလိုက် အဖမ်းခံသူများသည် မိသားစုတစ်စုလျှင် ရူပီးငွေ ၁,၀၀၀,၀၀၀ ခန့်အထိ ကုန်ကျကြခဲ့ကြပြီးဖြစ်သည်။

ကျန်းမာရေး အခြေအနေကို ကြည့်ပါကလည်း ထောင်အာဏာပိုင်များသည် အဖမ်းခံရသူများထဲတွင် တီဗီရောဂါအပါအဝင် နာတာရှည် ရောဂါသည် (၁၂) ဦးထက်မနည်း ရှိနေသည်ကို မျက်ကွယ်ပြုကာ ဆေးကုသခွင့်မပြုခြင်းပဲ ငြင်းဆန်ထားကြောင်း တွေ့ရသည်။ ယခင်က အကြီးစားခွဲစိတ်မှု ပြုလုပ်ခဲ့ဖူးသူများ အပါအဝင် ပုံမှန်အခြေအနေပြန်ရရန် ခက်ခဲသော ပြင်းထန်လူနာ (၁၅) ဦးခန့်သည်လည်း ဆေးကုသမှု ခံယူခွင့်နှင့် အထူးအစီအမံရယူခွင့် မရရှိကြပေ။ ထိုသို့ ထောင်ထဲတွင် ဆေးကုသခွင့် မရရှိသောကြောင့် အသက် (၃၂) နှစ်အရွယ် လူငယ်တစ်ဦး သေဆုံးခဲ့ရပြီး ဤဖြစ်စဉ်သည် လုံးဝတရားမျှတမှုမရှိသည့် ထောင်အာဏာပိုင်များ၏ ဆိုးရွားသော ပြုမူဆက်ဆံမှု၏ ရလဒ်တစ်ခုဖြစ်ပြီး သေဆုံးခဲ့သူ၏ မိသားစုများ အတွက်လည်း မည်သို့သော ပေးလျော်မှုနှင့် ကုစားမှုမျိုးကိုမှ မဏိပူရ်အစိုးရက ဆောင်ရွက်ပေးခဲ့ခြင်းမရှိပေ။ ထို့ပြင် ၂၀၂၁ ခုနှစ် မတိုင်မီ အဖမ်းခံသူများထဲတွင်လည်း ကိုဗစ်ကြောင့် ထောင်ထဲတွင်သေဆုံးခဲ့ရသည့် မြန်မာနိုင်ငံသား (၂) ဦးရှိခဲ့သည်ဟု သိရသောကြောင့် ထောင်အာဏာပိုင်များသည် အသက်အန္တရာယ် စိုးရိမ်ရသည့်တိုင် ဆေးကုသခွင့်မပြုပဲ လစ်လျူသည့် အလေ့အကျင့်ရှိကြောင်း တွေ့ရသောကြောင့် လက်ရှိထောင်ထဲရှိ ကျန်းမာရေးမကောင်းသည့် မြန်မာဒုက္ခ သည်များအတွက်လည်း ရှေ့လျှောက် ကျွန်ုပ်တို့အနေဖြင့် အလွန်စိုးရိမ်မိပါသည်။

အထက်ဖော်ပြပါ ခက်ခဲကြမ်းတမ်းသော ထောင်တွင်းအခြေအနေများအပြင် ဖမ်းဆီးခံထားရသော မြန်မာဒုက္ခသည်များအတွက် နောက်ထပ်ကြီးမားသော စိန်ခေါ်မှုတစ်ခုမှာ ပြန်လည်လွှတ်မြောက်လာသည့်အခါတွင်လည်း လုံခြုံရာသို့ မသွားနိုင်ပဲ အကြမ်းဖက်စစ်အုပ်စုထံ အပ်နှံခံရနိုင်သည့် အန္တရာယ်ဖြစ်သည်။ ဆက်လက်ဖမ်းဆီးချုပ်နှောင်ခံထားရသူ အားလုံးနီးပါးသည် အာဏာသိမ်းမှုနောက်ပိုင်း အဖမ်းခံခဲ့ရသူများဖြစ်ပြီး အကြမ်းဖက်စစ်အုပ်စုထံ လွှဲပြောင်းခံရပါက အချိန်မရွေး ပြင်းထန်စွာနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်း၊ စစ်မှုထမ်းအဖြစ် အဓမ္မခိုင်းစေခြင်းနှင့် နှစ်ရှည်ထောင်ဒဏ်များ ချမှတ်အရေးယူခြင်း ခံရနိုင်ခြေရှိသူများ အများအပြား ပါဝင်နေသည်။ ထို့ကြောင့် မဏိပူရ်ထောင်တွင် ဖမ်းဆီးထိန်းသိမ်း ခံသူများသည် ဤသို့ဆိုးရွားလှသော အခြေအနေမှ လွတ်မြောက်နိုင်ရေးအတွက် ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၆ ရက်နေမှ ၂၀ ရက်နေ့အထိ တစ်ကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့မှ ဇူလိုင်လ (၃) ရက်နေ့အထိ တစ်ကြိမ်၊ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့မှ (၂၄) ရက်နေ့အထိ တစ်ကြိမ်၊ ဩဂုတ်လ (၂၆) ရက်နေ့မှ (၃၀) ရက်နေ့အထိတစ်ကြိမ် စုစုပေါင်း (၄) ကြိမ်တိုင်တိုင် အစာငတ်ခံဆန္ဒပြကာ အမြန်ဆုံးပြန်လည် လွှတ်မြောက်နိုင်ရေး တောင်းဆိုမှုများ ပြုလုပ်ခဲ့ကြသည်။



မဏိပူရ် ယာယီစခန်းတွင် ရေကြီးနေစဉ် (ပုံ - CJ)

## (က) ဖမ်းဆီးခံ မြန်မာစစ်ဘေးဒုက္ခသည် ကလေးငယ်များနှင့် မိခင်များ၏ အခြေအနေ

ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် မြန်မာစစ်ဘေးဒုက္ခသည်များထဲတွင် အသက် (၁၅) နှစ်အောက် ကလေးငယ် (၂၆) ဦးပါဝင်ပြီး တချို့သည် ထောင်တွင်းနေထိုင်စဉ် အသက် (၁၈) ပြည့်သွားသူများလည်းရှိသည်။ ဤကလေးငယ်များသည် အပြစ်လုံးဝ မရှိသူများဖြစ်ပြီး အကယ်၍ ပြစ်မှုကျူးလွန်ခြင်းရှိလျှင်ပင်လည်း အပြစ်ကင်းလွတ်ခွင့် (သို့မဟုတ်) ထောင်မချဘဲ အသက်ပြည့်သည်အထိ ကလေးထိန်းသိမ်းရေးစင်တာများတွင် သီးခြားစနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားရမည့် အရွယ်များဖြစ်သော်လည်း အိန္ဒိယအစိုးရသည် ၎င်းတို့ဘဝတစ်သက်လုံး လူညွန့်တုံးစေရန် ထောင်ထဲတွင် နှစ်နှင့်ချီ၍ စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ နှိပ်ကွပ်မှုများကြားတွင် ဆက်လက်ဒဏ်ခတ်ထားသည်။ လက်ရှိတွင် ထောင်အာဏာပိုင် များသည် အသက် (၁၀) အထက် ကလေးများကို ကျား၊ မ အလိုက် လူကြီးများနှင့် အတူနေစေကာ အသက် (၁၀) အောက် ကလေးများကိုသာ မိခင်နှင့်နေထိုင်ခွင့်ပြုသည်။ ထို့ပြင် ထောင်အာဏာပိုင်များသည် ထောင်ထဲတွင်မီးဖွားသူများဖြစ်စေ၊ ထောင်တွင်းမွေးဖွားခဲ့သော ကလေးငယ်များဖြစ်စေ၊ မိခင်နှင့်အတူထားရှိရမည့်အရွယ်ဟု ထောင်အာဏာပိုင်များက သတ်မှတ်သော အသက် (၁၀) အောက် ကလေးများဖြစ်စေ အထူးအစီအမံဖြင့် သီးခြားခွဲထားခြင်းမရှိသောကြောင့် ၎င်းတို့သည် တင်းကျပ်သော ထောင်စည်းကမ်းများနှင့် ကြမ်းတမ်းသော ထောင်တွင်းလူနေမှုဘဝကြောင့် အသက် အန္တရာယ် ထိခိုက်နိုင်ခြေ အပါအဝင် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ အပြင်းအထန် ခံစားနေကြရသည်။

ထောင်တွင်းမွေးဖွားသော ကလေးငယ်များအပါအဝင် ကာကွယ်ဆေးထိုးနှံရမည့်အရွယ် ကလေးငယ်များသည် ဖမ်းဆီးခံရချိန်မှစ၍ ကာကွယ်ဆေးထိုးနှံခွင့်မရကြသောကြောင့် ၎င်းတို့သည် ကူးစက်ရောဂါများနှင့် အခြားပြင်းထန်ရောဂါများ အလွယ်တကူ ခံစားရနိုင်သည့် အန္တရာယ်ရှိနေသည်။ ထို့ပြင် ကလေးငယ်များသည် ထောင်ထဲတွင် နေထိုင်ချိန်တွင် လွတ်လပ်စွာ ဆော့ကစားခွင့်နှင့် လွတ်လပ်စွာ တွေးခေါ်ခွင့်မရှိအောင် တားမြစ်ခံထားရကာ အခြားသော ပြုစုစောင့်ရှောက်မှုနှင့် ကလေးသူငယ်အခွင့်အရေးများကို ဆုံးရှုံးနေသောကြောင့် အထူးသဖြင့် ထောင်ထဲတွင် နှစ်ရှည်ထိန်းသိမ်းခံခဲ့ရသော အသက် ၁၀ နှစ်အောက် ကလေးငယ်များသည် အပြင်လောကသို့ ပြန်ရောက်ချိန်တွင် အရာရာတိုင်းက ၎င်းတို့အတွက် ဖိအားဖြစ်နေသလို ခံစားနေရသည်ဟု လွတ်မြောက်လာသူများက ကျွန်ုပ်တို့ကို ပြောပြကြသည်။ ထို့ပြင် အိန္ဒိယအစိုးရက အကြမ်းဖက်စစ်အုပ်စုထံ ပြန်လွှဲပေးလိုက်သည့် ကလေးငယ်များသည် ၎င်းတို့၏ မိတ်ဆွေသူငယ်ချင်းများ နှင့်အတူ လွတ်လပ်စွာ နေထိုင်သွားလာရန် ကြောက်ရွံ့နေပြီး စိတ်ဒဏ်ရာများဖြစ်နေကာနှင့် အခြားသူများ နှင့် ထိတွေ့ ဆက်ဆံခြင်းမရှိပဲ သီးခြားနေထိုင်လေ့ရှိသည်ဟုလည်း ဆိုကြသည်။ အသက်အရွယ်နှင့်မလိုက်အောင် လူကြီးများနှင့် အနီးကပ်ပိတ်လှောင်ခံခဲ့ရခြင်းကြောင့် ၎င်းတို့သည် အခြားရွယ်တူ ကလေးငယ်များနှင့် ထိတွေ့ဆက်ဆံနိုင်စွမ်းမရှိသလို ကျောင်းပြန်တက်ရန်နှင့် ပညာသင်ယူရန် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ အဆင်မပြေခြင်းများ ဖြစ်နေကြသည်။ ထို့ပြင် ၎င်းတို့၏ အသက်အရွယ်အလိုက် ထိုးနှံရမည့် ကာကွယ်ဆေးများ ထိုးနှံနိုင်ခဲ့ခြင်းမရှိသောကြောင့်လည်း မိဘများက ၎င်းတို့၏ကျန်းမာရေးအတွက် နေ့စဉ်ပူပန် နေရသည်။

## (ခ) ဖမ်းဆီးခံ ကျောင်းသားလူငယ်အရွယ် မြန်မာစစ်ဘေးဒုက္ခသည်များ၏ အခြေအနေ

ကျောင်းသားလူငယ်အရွယ်ဆိုသည်မှာ အသက်အရွယ်အားဖြင့် အလယ်တန်း၊ အထက်တန်းနှင့် အဆင့်မြင့်ပညာသင်ကြားသည့်အရွယ်များကို ကျွန်ုပ်တို့ဆိုလိုခြင်းဖြစ်ပြီး အသက်အားဖြင့် ဖမ်းဆီးခံရချိန် (၁၅) နှင့် အသက် (၂၇) အရွယ်များကို ဆိုလိုသည်။ ကျွန်ုပ်တို့ရရှိထားသောစာရင်းများအရ ဤအသက်အရွယ်များသည် မြန်မာနိုင်ငံ ပညာရေးစနစ်အနေအထားအရ ပညာသင်ကြားဆဲ လူငယ်များဖြစ်ကြသည်။ ကျွန်ုပ်တို့ ပြုစုထားသောစာရင်းများအရ အိန္ဒိယအစိုးရက ဖမ်းဆီးထိန်းသိမ်းခဲ့သူများထဲတွင် ဤအုပ်စုထဲတွင် ပါဝင်သူ (၆၇) ဦး အထိရှိပြီး အသက်အတည်မပြုနိုင်သူ (၂၀) ဦး ခန့်လည်း ရှိနေသေးသောကြောင့် ထိုထက်လည်းပိုများနိုင်သည်။ ထို့ကြောင့် အိန္ဒိယအစိုးရသည် အပြစ်မဲ့ ကလေးငယ် အနည်းဆုံး (၂၆) ဦးနှင့် ပညာသင်အရွယ် လူငယ်အနည်းဆုံး (၆၇) ဦး စုစုပေါင်း (၉၃) ထက်မနည်းသော ကလေးလူငယ် များ၏ဘဝကို အညွန့်တုံးအောင်ရိုက်ချိုးနေသကဲ့သို့ ဖြစ်နေသည်။ တကယ်တမ်းတွင် ကိုဗစ်-၁၉ ရောဂါကပ်ဘေးကြောင့် ကလေးငယ်အများစုသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်ကတည်းက ပညာရေး ပြတ်တောက်ခဲ့ရသည်။ မြန်မာနိုင်ငံတွင်မူ ကလေးသူငယ်များသည် ရောဂါကပ်ဘေးကြောင့်သာမ ထို့နောက်တွင် ဆက်လက်ဖြစ်ပေါ်လာသော အာဏာသိမ်းမှု နောက်ဆက်တွဲ ပြည်တွင်းစစ်နှင့်  နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ပညာသင်ကြားခွင့် နှစ်ရှည်ဆုံးရှုံးလာခဲ့ကြသည်။ ထို့ကြောင့် မိဘအများစုသည် အိန္ဒိယနိုင်ငံသို့ လုံခြုံရေးအတွက် လာရောက်ခိုလှုံသည့် တစ်ချိန်တည်းတွင် ၎င်းတို့၏ သားသမီးများအတွက်လည်း ပညာသင်ကြားခွင့်ရရှိရန် ရိုးသားစွာ မျှော်လင့်ထားခဲ့ကြသည်။ သို့သော် အိန္ဒိယ နိုင်ငံအစိုးရသည် ပညာသင်အရွယ် အပြစ်မဲ့ ကလေးသူငယ်များနှင့် လူငယ်များကို စာနာမှုဖြင့် ပြုစုစောင့်ရှောက်ကာ ပညာရေးပံ့ပိုးရမည့်အစား ၎င်းတို့အတွက် အပြင်ထန်းဆုံးဒဏ်ဖြစ်သော ထောင်ချအပြစ်ပေးခြင်းဖြင့်သာ တုန့်ပြန်ခဲ့ကြ သည်ဟု ဖမ်းဆီးခံရသူ၏ မိသားစုဝင်တစ်ဦးမှ ကျွန်ုပ်တို့ကို ဝမ်းနည်းစွာ ရင်ဖွင့်ခဲ့သည်။



ဒုက္ခသည်များကို မြန်မာစစ်အုပ်စုထံ ပြန်ပို့နေစဉ်

## (ဂ) ဖမ်းဆီးခံ မြန်မာစစ်ဘေးဒုက္ခသည် အမျိုးသမီးများ အခြေအနေ

ဖမ်းဆီးခံစစ်ဘေးရှောင်များထဲတွင် အမျိုးသမီး (၁၀၄) ဦးပါဝင်ပြီး (၅၁) ဦးကို အကြမ်းဖက်စစ်အုပ်စုထံ ပြန်လွှဲခဲ့သောကြောင့် လက်ရှိထောင်ထဲတွင် ဖေဖော်ဝါရီလ၊ ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုမတိုင်မီ ဖမ်းဆီးခံခဲ့ရသည်ဟု ယူဆရသူ (၇) ဦးအပါအဝင် အနည်းဆုံး (၅၃) ဦး ကျန်နေသည်။ ထို့ပြင် ထူးခြားဖြစ်စဉ်အနေဖြင့် အဆိုပါစာရင်းထဲတွင် မပါဝင်သည့် မြန်မာနွယ်ဖွား နော်ဝေနိုင်ငံသူတစ်ဦးသည်လည်း ထောင်ထဲတွင် ဆက်လက်ထိန်းသိမ်းခံထားရသည်ဟု သိရသည်။

အဆိုပါ ဖမ်းဆီးခံမိသားစုဝင်များအနက် အမျိုးသမီး (၆) ဦးသည် ထောင်ထဲတွင် မီးဖွားခဲ့ကြပြီး မဏ္ဍပူရ်ထောင်တွင် (၅) ဦး၊ အာသံထောင်တွင် (၁) ဦး တို့ ဖြစ်ကြသည်။ ထိုသို့ ထောင်ထဲတွင် မွေးဖွားခဲ့သော ကလေးငယ်များအပါအဝင် အသက် (၁၅) နှစ်အောက် ကလေးငယ် (၂၆) ဦးရှိပြီး  အသက် ၁၀ နှစ်အောက် ကလေးငယ်များသာ ၎င်းတို့၏ မိခင်များနှင့် အတူနေထိုင်ခွင့် ရကြသည်။ အသက် (၁၀) နှစ်အောက် ကလေးငယ်များနှင့်အတူ ထိန်းချုပ်ခံရသော မိခင်များက ရှင်းပြလာသည့် ကျွန်ုပ်တို့ တစ်ဆင့်စုံစမ်းသိရှိရသလောက် အဓိကအခက်အခဲများမှာ ကလေးငယ်များသည် ထောင်တွင်း အချုပ်သားဘဝ အခြေအနေကို နားမလည်ကြသောကြောင့် ဆူပူဆုံးမရန်ခက်ခဲသည့်အတွက် ကလေးငယ်များ၏ အချို့အပြုအမူများသည် ထောင်ထဲတွင်အတူနေသောအဖော်များကို အနှောက်အယှက်ဖြစ်စေသောကြောင့် အခြား အကျဉ်းသူများ၏ အော်ဟစ်ပြစ်တင်မှုခံရခြင်း၊ ကလေးများစားချင်သည့်အရာများ မရရှိနိုင်သောကြောင့် ထောင်က ကျွေးသည့် အစားအစာများကိုသာ အတင်းကျွေးရခြင်း စသည်တို့ပါဝင်ပြီး အခြားသော အခက်အခဲများစွာလည်း ရှိနေပြီး စိတ်ပိုင်းဆိုင်ရာအရ ပြန်လည်ပြောပြရန် ခက်ခဲသောကြောင့် နှုတ်ဖြင့်ပြန်လည်ရှင်းပြစွမ်းမရှိပဲ ဖြစ်နေကြသည်ဟု သိရသည်။ ထို့အပြင် ကလေးများအတွက် သီးခြားလိုအပ်ချက်တွေကို ဝယ်ယူမရနိုင်သလို ထောက်ပံ့သူများလည်း မရှိသောကြောင့် မိခင်များအတွက် များစွာအခက်အခဲဖြစ်ရကြောင်း သိရသည်။

ကလေးငိုသည့်အခါ ဘေးကလူတချို့က နားလည်ပေးကြသော်လည်း တချို့မှာ ဆူညံသံကို မခံနိုင်သောကြောင့် ပြန်လည်အော်ဟစ်ကြသည့်အတွက် အားနာပြီး ကလေးနှင့်အတူ မျက်ရည်ကျပြီး လိုက်ငိုခဲ့ရကြောင်း အဆိုပါ အမျိုးသမီးများအနက် ထောင်ထဲတွင်မီးဖွားခဲ့ပြီး ပြန်လည်လွတ်မြောက်လာသူတစ်ဦးက သူမ၏ ထောင်တွင်းအတွေ့အကြုံများကို ပြန်လည်ရှင်းပြသည်။ ထို့ပြင် ထောင်ထဲတွင်ကျန်နေခဲ့သော အခြားအမျိုးသမီးတစ်ဦးကလည်း သူမအနေဖြင့် ယခုလိုထိန်းသိမ်း ခံထားရစဉ် ဆက်လက် အသက်ရှင်သန်လိုစိတ် မရှိတော့သည့် ခံစားချက်မျိုး ခဏခဏ ဖြစ်မိကြောင်း၊ သူမ၏ကလေးတွင် ဘာအပြစ်မှမရှိပါဘဲ ထောင်ထဲတွင် ပိတ်လှောင်ခံနေရသည်ကိုကြည့်ပြီး သူမအနေဖြင့် ကိုယ့်ကိုယ်ကိုယ် လုံးဝခွင့်မလွှတ် နိုင်အောင် ဖြစ်မိကြောင်း၊ ကလေးနှင့်အတူ ထောင်ထဲတွင် စိတ်ထိခိုက်မှု၊ စိတ်ဓာတ်ကျမှုများစွာ ဖြစ်ရသောကြောင့် ထောင်ထဲတွင်ဖြတ်သန်းနေရသည့် အခက်အခဲကို ပြန်လည်ပြောပြရန်ပင် အားမရှိ၊ စကားလုံးရှာမရအောင် ဖြစ်ရကြောင်း သူမ၏ မိသားစုကို တစ်ဆင့်ပြန်လည်ပြောပြချက်အရ သိရသည်။

အမျိုးသမီးများအားလုံးကို ကြီးမားသောစိတ်ပိုင်းဆိုင်ရာဖိစီးမှု ဖြစ်စေသည့် နောက်ထပ်အကြောင်းရင်းတစ်ခုမှာ မိမိကြောင့် ကလေးအပါအဝင် မိသားစုအလိုက် ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်ဟု အပြစ်မကင်းခံစားရခြင်း ဖြစ်သည်။ ထို့ပြင် အချို့အမျိုးသမီးများသည် မိမိလွတ်မြောက်ရေးအတွက် ရုန်းကန်နေရရုံသည့်အပြင်တွင် ပြင်ပတွင် ကျန်နေခဲ့သော ၎င်းတို့အပေါ် အမှီအခိုပြုနေသည့် မိသားစုဝင်များ ဒုက္ခပေါင်းစုံ ကြုံတွေ့နေရသည့်အဖြစ်ကြောင့်လည်း စိတ်ဒဏ်ရာနှင့် အလွန်စိတ်ဖိစီးမှုများ ခံစားနေရသည်။ မိသားစုဝင်များ ထွက်ဆိုချက်အရ ထိုအမျိုးသမီးများသည် မိသားစုနှင့် စကားပြောတိုင်း အခက်အခဲများကို အသေးစိတ် ပြောပြနိုင်ခြင်းမရှိဘဲ သတ်သေချင်ကြောင်းနှင့် အမြန်ဆုံး လွတ်မြောက်ရန် ရသမျှနည်း

နှင့် ကြိုးပမ်းပေးကြရန်သာ ငိုယိုပြီးပြောပြကြသည်ဟု သိရသည်။ ထို့ပြင် ထိုသို့အခက်အခဲမျိုးစုံ ကြုံတွေ့ရသောကြောင့် အမျိုးသမီးများသည် ၎င်းတို့တက်နိုင်သည့်ဘက်မှ အိန္ဒိယအာဏာပိုင်များကို ဖိအားပေးရန် အစာငတ်ခံဆန္ဒပြခဲ့ကြသော်လည်း လင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင် ပြင်းထန်သောဒဏ်ရာ ရရှိသည်အထိ ရိုက်နှိုက်သည့် တုန့်ပြန်မှုများ သာ ပြန်ရခဲ့ကြသည်။

## (ဃ) ဖမ်းဆီးခံ မြန်မာစစ်ဘေးဒုက္ခသည် အသက် (၅၀) အထက်လူကြီးများ အခြေအနေ

ဖမ်းဆီးခံ မြန်မာစစ်ဘေးဒုက္ခသည် အသက် (၅၀) အထက် သက်ကြီးရွယ်အိုများသည် အိန္ဒိယနိုင်ငံ ထောင်တွင် (၂၈) ဦး ထက်မနည်း ထိန်းသိမ်းခံရဆဲ ဖြစ်သည်။ ၎င်းတို့သည်လည်း မိသားစုအားလုံးနှင့်အတူ ဖမ်းဆီးခံရမှုများပြီး မိမိကိုယ်ကို အပြစ်မကင်းသူများအဖြစ်မြင်ကာ စိတ်ဒုက္ခရောက်နေသူများသည်။ ထို့ပြင် ဤသို့သော သက်ကြီးပိုင်း ဖမ်းဆီးခံ ဒုက္ခသည်များသည် တင်းကျပ်သော ထောင်တွင်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ နေထိုင်ရသောကြောင့် ၎င်းတို့အတွက် ပို၍ခက်ခဲရသည်။ ၎င်းတို့သည် စိတ်မရှည်သော ထောင်ဝန်ထမ်းများ၏ ကြမ်းတမ်းစွာပြစ်တင်ဆဲဆိုခြင်းကိုလည်း အများဆုံးခံရသူများဖြစ်သည်။ ထို့ပြင် ဤသက်ကြီးပိုင်းအုပ်စုသည် နာတာရှည်ရောဂါ အများဆုံးခံစားနေရသူများဖြစ်ပြီး ထိုသို့ ရောဂါအခံများရှိနေချိန်တွင် ဆေးကုသခွင့် ပိတ်ပင်ခံရသောကြောင့် ထောင်ထဲတွင်သေဆုံးလုမတတ် ဖျားနာမှုများ ကြုံတွေ့ရလေ့ရှိကြသည်။ ထောင်ထဲတွင် ကျန်းမာရေးနှင့် မညီညွတ်သော အစားအစာများ စားသုံးရခြင်း၊ သန့်ရှင်းသော သောက်ရေသန့်မရရှိခြင်း၊ ဆေးကုသခွင့်မရရှိခြင်း၊ အပူဒဏ်၊ အအေးဒဏ်အပါအဝင် ကြမ်းတမ်းသော ထောင်တွင်းလူနေမှု အခြေအနေများတွင်နေထိုင်ရခြင်း စသည့်အခြေအနေများကို ခက်ခဲစွာရုန်းကန်ကျော်ဖြတ်နေရသည့်အပြင် အတူအဖမ်းခံ ခဲ့ရသော မိသားစုဝင်များအတွက် စိုးရိမ်ပူပန်မှု အလွန်ဖြစ်နေရသောကြောင့် စိတ်ဒဏ်ရာနှင့် စိတ်ဖိစီးမှုဒဏ်ကိုလည်း အများဆုံး ခံစားရသူများဖြစ်သည်။ ဤအုပ်စုထဲတွင် ပါဝင်သည့် သက်ကြီးရွယ်အိုများသည် ဤပုံစံအတိုင်း ထောင်ထဲတွင် ရေရှည်ဆက်လက်ထိန်းသိမ်းခံ၍ပါက အသက်အန္တရာယ်စိုးရိမ်ရနိုင်သောကြောင့် ၎င်းတို့ကို အခြားသော ဖမ်းဆီးထိန်းသိမ်း ခံရသူများက စိုးရိမ်မှုဖြင့် ဂရုစိုက်ကူညီပေးကြသော်လည်း ထောင်အာဏာပိုင်များက ၎င်းတို့အတွက် အထူးအစီအမံများ ချမှတ်၍ ဖြေလျှော့မှုများ လုံးဝပြုလုပ်ပေးခြင်းမရှိပဲ အခြားအကျဉ်းသားများနည်းတူ ကြပ်မတ်ထားသည်မှာ ဝမ်းနည်း ကြေကွဲဖွယ် ကောင်းလှသည်။



ယာယီစခန်းတစ်ခုရှိ သက်ကြီးရွယ်အို
ဒုက္ခသည်တစ်ဦး (ဓာတ်ပုံ - Greeshma Kuthar)

## (င) မိသားစုဝင်များမှ အဓိကအားထားရသော ဖမ်းဆီးခံသူများ အခြေအနေ

ဖမ်းဆီးခံ မြန်မာစစ်ဘေးဒုက္ခသည်များအနက် မိသားစုအတွက် အဓိက အားထားရသူများဟု သတ်မှတ်ရသူများ (၁၀၉) ဦးထက် မနည်းပါဝင်နေသည်။ အဆိုပါ ဖမ်းဆီးခံရသူများကို ၎င်းတို့၏အသက်အရွယ်၊ အလုပ်အကိုင်နှင့် သူတို့အပေါ် မိသားစုက အမှီအခိုပြုမှုကို အခြေခံပြီး ပိုင်းခြားထားခြင်းဖြစ်ပြီး အသက်အရွယ်အားဖြင့် (၂၇) နှစ်မှ (၅၀) နှစ် အကြား ပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ဤအုပ်စုသည် ထောင်ထဲတွင် အခက်အခဲများကို အကျော်လွှားနိုင်ဆုံး အုပ်စုဖြစ်ပြီး အခြားသော ဖမ်းဆီးခံထားရသူများ ကြုံတွေ့နေရသည့် ထောင်တွင်းအခက်အခဲများကိုလည်း အတတ်နိုင်ဆုံး ဝိုင်းဝန်းကူညီဖြေရှင်းပေးသူများ ဖြစ်ကြသည်။ ထို့အပြင် အစာငတ်ခံ ဆန္ဒပြပွဲဖော်ဆောင်ပြီး အမြန်ဆုံး လွတ်မြောက်ရေးအတွက် ငြိမ်းချမ်းစွာ ကြိုးပမ်း အားထုတ်ရာတွင် အခြားဖမ်းဆီးခံသူများမှ အားထားရသူများ ဖြစ်ကြသည်။

၎င်းတို့ကြုံတွေ့ရသည့် အဓိကစိန်ခေါ်မှုတစ်ခုမှာ အပြင်တွင်ကျန်ခဲ့သော ၎င်းတို့အပေါ် မှီခိုနေသည့် မိသာစုဝင်များ ထံမှ စိတ်မကောင်းဖွယ်ရာသတင်းများ နေ့စဉ်ကြားနေရခြင်းကြောင့် ဖြစ်ပေါ်လာသည့် စိတ်ထိခိုက်မှုနှင့် စိတ်ဖိစီးမှုများ ဖြစ်သည်။ ၎င်းတို့သည် အဖမ်းခံခဲ့ရစဉ် ၎င်းတို့အပေါ် မှီခိုလာခဲ့သော သားသမီးနှင့် မိသားစုဝင်များ အပြင်တွင်ကျန်ခဲ့ပြီး ထောင်ကျပြီးနောက် မိသားစုအတွက် ဝင်ငွေမရှာပေးနိုင်တော့သည့်အတွက် ၎င်းတို့၏ သားသမီးများကို ကျောင်းဆက် မထားနိုင်တော့သလို မိသားစုဝင်များသည်လည်း စားဝတ်နေရေးအတွက် ဆင်းရဲစွာရုန်းကန်နေရပြီး အခြားမည်သည့် အဖွဲ့အစည်းထံမှလည်း ထောက်ပံ့ကူညီမှု မရရှိကြပေ။ မိသားစုဝင်များကို ကျွန်ုပ်တို့ ဆက်သွယ်မေးမြန်းသောအခါ အိမ်ထောင်ဦးစီးဖြစ်ကြသူများ အဖမ်းခံရခြင်းကြောင့် ကျန်ခဲ့သောမိသားစုများသည် ဖရိုဖရဲဖြစ်ကုန်ပြီး နှစ်ချီပြီး ငတ်တလှည့်၊ ပြတ်တလှည့်ဖြင့် ပတ်ဝန်းကျင်၏ အကူအညီများဖြင့်သာ ကျော်ဖြတ်နေရကြောင်း၊ သားသမီးများကို ကျောင်းထွက်ခိုင်းကာ အသက်ရှင်သန်ရေးအတွက်သာ ဦးစားပေးလုပ်ဆောင်နေရကြောင်းနှင့် ထိုသို့ ၎င်းတို့ကိုယ်တိုင်က ခက်ခဲစွာရုန်းကန်နေရပြီး ဝင်ငွေလည်းမရှိသောကြောင့် အဖမ်းခံသူများအတွက်လည်း ရှေ့နေငှားရမ်းခမပံ့ပိုးပေးနိုင်ကြ ကြောင်း ဝမ်းနည်းစွာရှင်းပြကြသည်။ ထိုသို့ ကူကယ်ရာမဲ့နေသော အခြေအနေတွင် ထောင်မှအမြန်ဆုံး ပြန်လည်လွတ် မြောက်ရန် ကြိုးပမ်းနေသော ၎င်းတို့အတွက်မူ အခြားသော ဖမ်းဆီးခံရသူများနည်းတူ အစာငတ်ခံဆန္ဒဖော်ထုတ်ခြင်း သည်သာ တက်နိုင်သမျှ ထဲမှ အထိရောက်ဆုံး နည်းလမ်းတစ်ခုလို ဖြစ်လာနေသည်။

## (စ) ဖမ်းဆီးခံရသူများ၏ အပြင်တွင်ကျန်ခဲ့သော မိသားစုဝင်များ အခြေအနေ

ဖမ်းဆီးခံရသူများ၏ မိသားစု (၄၆) စု၊ စုစုပေါင်းလူဦးရေ (၂၈၀) ဦးခန့်သည် အိန္ဒိယ-မြန်မာနယ်စပ် မဏိပူရ်ပြည်နယ် တစ်နေရာတွင် ယနေ့ချိန်ထိ ခက်ခဲစွာရုန်းနေကြရပြီး မိသားစု (၅) စုခန့်မှာ မီဇိုရမ်ပြည်နယ်တွင် အခြေချနေထိုင်သည်။ ကျန်ဖမ်းဆီးခံရသူများ၏ မိသားစုအများစုမှာ မြန်မာပြည်တွင်း တိုက်ပွဲဖြစ်ပွားရာနေရာများတွင် စစ်ဘေးရှောင်တလှည့်၊ အိမ်ပြန်တလှည့်ဖြင့် နေထိုင်နေကြသည်။ မီဇိုရမ်ပြည်နယ်တွင် ခိုလှုံနေသော မိသားစုများမှာ မီဇိုရမ်ပြည်နယ်အစိုးရ၏ စာနာသောမူဝါဒအရ ဖမ်းဆီးခံရနိုင်သည့်အန္တရာယ်အတွက် စိုးရိမ်စရာမရှိတော့သော်လည်း မိသားစုအတွင်း အားကိုးရဆုံး ပုဂ္ဂိုလ်များ ထောင်ကျနေခြင်းကြောင့် မိသားစုအတွင်း ဖရိုဖရဲ ဖြစ်နေကြဆဲဖြစ်သည်။ ထို့ပြင် မဏိပူရ်ထောင်တွင် ထိန်းသိမ်းခံထားရသူများ၏ မိသားစုဝင်များသည် အိမ်၊ ယာနှင့် လယ်များကို ပေါင်ထားကြသောကြောင့် နေစရာအိမ်မရှိ၊ စားဝတ်နေရေးအတွက် လယ်နှင့်ယာပါ မရှိတော့သည့်အပြင် အကြမ်းဖက်စစ်ကောင်စီမှ စစ်ကြောင်းထိုးချိန်များတွင် အသက်လုံခြုံမှု လုံးဝမရှိသည့် အခက်အခဲများလည်း ရင်ဆိုင်နေကြသည်။

ဖမ်းဆီးခံသူများ၏ မိသားစုဝင်များအားလုံးသည် ပြည်တွင်း စစ်ဘေးရှောင်ခဲ့ရသည့်အတွက် အိမ်နီးချင်းနိုင်ငံသို့ စစ်ဘေးဒုက္ခသည်များအဖြစ် ရောက်ရှိနေကြခြင်းဖြစ်ပြီး အိန္ဒိယ နိုင်ငံတွင် ဆက်လက်ကြုံတွေ့ခဲ့ရသည့် ဖမ်းဆီးမှုများနှင့် နောက်ဆက်တွဲ ပြဿနာများကြောင့် လက်ရှိမြန်မာပြည်၏ ပဋိပက္ခဒဏ်ကို နှစ်ဆခံနေသူများဟု ခံစားနေကြရပြီး ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ထိခိုက်နစ်နာမှုနှင့် ဖိစီးမှုများစွာ ကြုံတွေ့နေရသည်။ စိတ်ပိုင်းဆိုင်ရာအရ မိသားစုဝင်များကို စိတ်ဒုက္ခအပေးဆုံး၊ ဖိစီးမှုအဖြစ်စေဆုံး အရာမှာ ဖမ်းဆီးခံ ထားရသူများနှင့် ဖုန်းပြော၍ ၎င်းတို့၏အခက်အခဲများကို နားထောင်ရခြင်းဖြစ်သည်။ လုံးဝအပြစ်မရှိဘဲ ဤသို့ ဘဝသေနေသည့် တစ်သက်တစ်ကျွန်း ကျခံထားရသော ရာဇဝတ်ဝတ်သားများကဲ့သို့ လွတ်မည့်ရက်မသိ၊ ကယ်မည့်သူမရှိ ဖမ်းဆီးထိန်းသိမ်းခံထားရသည့် ၎င်းတို့ချစ်ခင်ရသော မိသားစုဝင် အဖြစ်ကို နားထောင်ရခြင်းသည် စိတ်ပိုင်းဆိုင်ရာအရ အလွန်ထိခိုက်မှုဖြစ်စေသည်ဟု ၎င်းတို့က ဆိုကြသည်။ ထို့အပြင် အပြင်တွင်ကျန်ခဲ့သည့် ၎င်းတို့အနေဖြင့် ဖမ်းဆီးခံထားရ သူများကို လူကိုယ်တိုင်သွားတွေ့ကာ စိတ်ခွန်အားပေးနိုင်ခြင်းမရှိသလို ထောင်ဝင်စာလည်းတွေ့ခွင့်လည်း မရှိသော ကြောင့် အလွန်စိတ်ဝေကျမိကြောင်းနှင့် ၎င်းတို့နှင့်ဖုန်းပြောရသည့်ချိန်ကလည်း တိုလွန်းပြီး ထောင်ထဲကမိသားစု ဝင်များက ဖုန်းဆက်လာပါက အပြန်အလှန် ငိုခြင်းချရင်းရင်း ဖုန်းပြောချိန် ကုန်ဆုံးသွားလေ့ရှိသည်ဟု မိသားစုဝင်များက ဝမ်းနည်းစွာရှင်းပြကြသည်။

# ဖမ်းဆီးထိန်းသိမ်းခံရသူ အရေအတွက်များ




**၂၆**

ထောင်ထဲတွင် မွေးဖွားခဲ့သော ကလေးငယ် (၇) ဦးအပါအဝင် အသက် ၁၅ နှစ်အောက် ကလေး (၂၆) ဦး




**၆၇**

အသက် ၁၅ မှ ၂၇ ကြား အထက်တန်းနှင့် အဆင့်မြင့် ပညာသင်အရွယ် ကလေးနှင့်လူငယ် (၆၇) ဦး



**၁၀၄**

အိမ်ထောင်ဦးစီးနှင့် မိသားစုကိုထောက်ပံ့သူ အသက် ၂၈ မှ ၅၀ အရွယ် (၁၀၄) ဦး



**၂၈**

ရောဂါအခံရှိသူများ ပါဝင်သည့် အသက် ၅၀ ကျော်အရွယ် (၂၈) ဦး

*ဤအရေအတွက်သည် ကျွန်ုပ်တို့မှတ်တမ်းတင်ထားသည့် စုစုပေါင်း ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသည့် အရေအတွက်ဖြစ်သည်။ ၎င်းတို့အနက် ၇၇ ဦး (ကျား ၂၆၊ မ ၅၂) ကို စစ်အုပ်စုထံ ပြန်ပို့ခဲ့ပြီး လက်ရှိ ဆက်လက်ထိန်းသိမ်းခံထားရသူ* ***၁၇၃ ဦး*** *ကျန်ရှိနေသည်။*



ဓာတ်ပုံ - AP

# ၁၀။ ဒုက္ခသည်များ၏ လွတ်မြောက်ရေး ကြိုးပမ်းချက်များ နှင့် အာဏာပိုင်များ ၏တုန့်ပြန်မှုများ



မဏိပူရ်အစိုးရပိုင်များသည် အကျဉ်းသားများ၏ အဓိကတောင်းဆိုချက်ဖြစ်သော အမြန်ဆုံးပြန်လွှတ်ပေးရေး နှင့် မြန်မာ စစ်အုပ်စုလက်သို့ လွှဲအပ်ခြင်းမဟုတ်ပဲ ဖမ်းဆီးခံခဲ့ရသည့်နေရာတွင်သာ ပြန်လွှတ်ပေးကာ မိမိအစီအစဉ်ဖြင့် လုံခြုံသော လမ်းကြောင်းမှ မြန်မာပြည်ပြန်ခွင့်ရရှိရေးကို ဖြည့်ဆည်းပေးနိုင်ရန် ပြည်နယ်အဆင့်တွင် လုပ်ပိုင်ခွင့်မရှိဟု အကြောင်းပြကြသည်။ သို့သော် ထောင်အာဏာပိုင်များသည် နယူးဒေလီအခြေစိုက် အကြမ်းဖက်စစ်အုပ်စုလက်အောက်ခံ သံရုံးနှင့် ချိတ်ဆက်ပါက ကူညီပေးနိုင်မည်ဟု ဆိုခဲ့ကြသည်။ ထိုပြောကြားချက်ကို အခြေခံ၍ အကြမ်းဖက်စစ်ကောင်စီသံရုံးနှင့် ချိတ်ဆက်ရာတွင် အထူးစိုးရိမ်ချက်မရှိသော ၂၀၂၁ ခုနှစ်၊ အာဏာသိမ်းမှုမတိုင်ခင် ဖမ်းဆီးထောင်ချခံသူတချို့က ထောင်မှ အမြန်ဆုံးပြန်လည်လွတ်မြောက်ရေးကို အဓိကထားကာ စစ်အုပ်စု၏သံရုံးနှင့် ဆက်သွယ်ခွင့်ရရန် တောင်းဆိုခဲ့ သော်လည်း မဏိပူရ်အစိုးရ အာဏာပိုင်များသည် တကယ်တမ်းတွင် ပို့ဆောင်ရာတွင် လုံခြုံရေးအန္တရာယ်ရှိသည်ဟု အကြောင်းပြကာ ယနေ့တိုင် လွှတ်ပေးခြင်းမရှိပေ။

တကယ်တမ်းတွင် ထောင်အာဏာပိုင်များ နှင့် မဏိပူရအစိုးရသည် မြန်မာနိုင်ငံသားဖမ်းဆီးခံ (၇၆) ဦးကို အကြမ်းဖက် စစ်ကောင်စီထံ လွှဲအပ်ပေးခဲ့ဖူးသလို ဖမ်းဆီးခံထားရသည့် မြန်မာနိုင်ငံသားဒုက္ခသည်များက လွှတ်ပေးရန် တောင်းဆိုထားသည့် နေရာများမှလာသည့် အခြားသော အိန္ဒိယနိုင်ငံ အကျဉ်းသားများစွာကိုလည်း အဆိုပါနေရာများသို အမြဲပြန်လည် ပို့ဆောင်ကာ လွှတ်ပေးလေ့ရှိသောကြောင့် ၎င်းတို့ကပြောသော လမ်းခရီးလုံခြုံရေး အကြောင်းပြချက်သည် ယုံကြည်နိုင်ဖွယ်ရာမရှိပေ။ ထို့ပြင် အာမခံဖြင့်လွှတ်ပေးရန် နှင့် အမြန်ဆုံးလွှတ်ပေးရန် အဆင်မပြေပါက ထောင်နေရာ ပြောင်းပေးရန် တောင်းဆိုမှုများကို နိုင်ငံခြားသားများဖြစ်သောကြောင့် လက်ခံဆောင်ရွက်ပေးရန် ခက်ခဲကြောင်းနှင့် သယ်ယူပို့ဆောင်ရေး စီစဉ်ပေးခြင်းရန် အခက်အခဲရှိကြောင်းသာ ထပ်မံအကြောင်းပြကြသည်။ အိန္ဒိယနိုင်ငံ၏ နိုင်ငံခြား သားဥပဒေအရ ဖမ်းခံသူများသည် သက်ဆိုင်ရာနိုင်ငံ အစိုးရတာဝန်ရှိသူများ လာခေါ်မှသာ လွှတ်ပေးလို့ရကြောင်းနှင့် ထိုမတိုင်မီ ထိန်းသိမ်းရေး စင်တာများတွင်သာ ထားရမည်ဟုပါရှိကြောင်း အကြောင်းပြကြသည်။

သို့သော်လည်း အိန္ဒိယနိုင်ငံဥပဒေအရ အာမခံလွှတ်ပေးခြင်းသည် နိုင်ငံသားများနှင့် နိုင်ငံခြားသားများအကြားတွင် ခွဲခြားမှု လုံးဝမရှိသလို ထောင်အာဏာပိုင်များက နိုင်ငံခြားသားဥပဒေအရ အကြမ်းဖက်စစ်အုပ်စုထံသို့သာ လွှဲပေးရန်ခွင့်ပြုခြင်းသည် အကြမ်းဖက်စစ်အုပ်စုအား တရားဝင် မြန်မာနိုင်ငံအစိုးရအဖြစ် တစ်နည်းတစ်ဖုံဖြင့် ထပ်မံအသိအမှတ်ပြုမှု ပေးနေခြင်းဖြစ်သည်။ ဤသို့ အစိုးရနှင့်ထောင်အာဏာပိုင်များက မြန်မာဒုက္ခသည်များ၏ အခွင့်အရေးကို နည်းမျိုးစုံဖြင့် ငြင်းပယ်နေကြသော်လည်း ဖမ်းဆီးခံရသူများကို ကူညီပေးနေသည့် စေတနာရှင် အိန္ဒိယနိုင်ငံသားရှေ့နေတချို့၏ ပြောဆို ထောက်ပြချက်အရ လက်ရှိအဖမ်းခံသော မြန်မာစစ်ဘေးဒုက္ခသည်များသည် အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အပါအဝင် အခြားသောဥပဒေများအောက်တွင် အကာအကွယ်ရပိုင်ခွင့် ရှိသည့်အပြင် အသက်မပြည့်သေးသော ကလေး ငယ်များ အပါအဝင် လက်ရှိအချိန်ထိ ထိန်းသိမ်းခံထားရသူများကို တကယ်တမ်းတွင် အာမခံဖြင့် လွှတ်ပေး၍ရနိုင်သည်ဟု သိရသည်။ ထို့ကြောင့် ဤသို့ တရားလက်လွတ် ဆက်လက်ထိန်းသိမ်းထားခြင်းသည် နိုင်ငံရေးအရ အသုံးချမှုတစ်ခုကဲ့သို့ ဖြစ်နေသည်။

# ၁၁။ ဖမ်းဆီးထောင်ချခံ မြန်မာစစ်ဘေး ဒုက္ခသည်များအရေးနှင့် စပ်လျဉ်းပြီး နယူးဒေလီမြို့ရှိ UNHCR ရုံး၏ ဆောင်ရွက်ချက်များ




ဖမ်းဆီးထိန်းသိမ်းခံခဲ့ရသူများထဲတွင် နယ်စပ်ပြည်နယ်များမှ UNHCR ရုံးရှိရာ နယူးဒေလီမြို့သို့ သွားရာလမ်းတွင် ဖမ်းဆီးခံခဲ့သူများလည်း ပါဝင်ပြီး ထောင်ထဲတွင် အခက်အခဲများနှင့် ဒုက္ခမျိုးစုံနှင့် ကြုံတွေ့နေရသည်။ ၂၀၂၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့ မဏိပူရ်မှာ ထိန်းသိမ်းခံသူများမှထဲမှ အများစုက လွတ်တို့၏ လွတ်မြောက်ရေးအတွက် UNHCR ဘက်က ကူညီဆောင်ရွက်ပေးရန် စာပေးပို့တောင်းဆိုခဲ့ကြသည်။ ထို့အပြင် ၂၀၂၄ ခုနှစ်၊ မေလ (၈) ရက်နေ့၌ အာသံပြည်နယ်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသူများသည် UNHCR က ၎င်းတို့ကို ကူညီကယ်ထုတ်ပေးရန် ထပ်မံအကူအညီ တောင်းခံခဲ့သည်။ ထို့အပြင် India for Myanmar က UNHCR ထံသို့ စာရေးသားကာ (၁) ဖမ်းဆီးခံရသူများထဲမှ ပြစ်ဒဏ်ကျခံပြီးသူများကို ရှေ့နေစေလွှတ်ပေးပြီး အမြန်ဆုံးကယ်ထုတ်ပေးရန်နှင့် ဖမ်းဆီးခံသူများအား ဒုက္ခသည်စာရင်းဝင်ကဒ် (refugee identification card) ထုတ်ပေးရန် (၂) ဖမ်းဆီးခံသူများက ၎င်းတို့၏ ကိုယ်ပိုင်အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ လုံခြုံစွာ ပြန်နိုင်သည့် အချိန်အထိ ယာယီနေထိုင်နိုင်ရေး စီမံဆောင်ရွက်ပေးရန် စသည်တို့ တောင်းဆိုခဲ့သည်။

India for Myanmar သည် ဖမ်းဆီးခံသူများအရေးနှင့် စပ်လျဉ်းပြီး UNHCR ထံသို့ တရားဝင်တောင်းဆိုစာ (၅) ကြိမ်ထက်မနည်း ပေးပို့ခဲ့ပြီး လူတွေ့အစည်းအဝေးမှတစ်ဆင့် တောင်းဆိုမှုများလည်း (၅) ကြိမ်ထက်မနည်း ပြုလုပ်ခဲ့ကာ ကျွန်ုပ်တို့စုစောင်းထားသော အချက်အလက်များအား UNHCR ထံသို့ တင်ပြခြင်းများကို အချိန်နှင့်တပြေးညီ လုပ်ဆောင် လာခဲ့သည်။ ထို့အပြင် India for Myanmar နှင့်အတူ မိတ်ဖိတ်အဖွဲ့အစည်းများသည် UNHCR ကို စာဖြင့်၎င်း လူကိုယ်တိုင်တွေ့ဆုံ၍သော်၎င်း တောင်းဆိုမှုများ အကြိမ်ကြိမ် ပြုလုပ်ခဲ့သည်။ သို့သော် အိန္ဒိယအစိုးရသည် နိုင်ငံတကာ ဒုက္ခသည်များဆိုင်ရာသဘောတူစာချုပ် လက်မှတ်ထိုးထားခြင်း မရှိသောကြောင့် အိန္ဒိယအခြေစိုက် UNHCR အနေဖြင့် လည်း အိန္ဒိယနိုင်ငံအစိုးရ၏မူဝါဒများကို ကျော်လွန်ပြီးလုပ်ဆောင်၍ မရကြောင်းသာ UNHCR ဘက်က အကြောင်းပြ တုန့်ပြန်လာခဲ့သည်။ သို့သော် အိန္ဒိယအခြေစိုက် UNHCR သည် အခြားသောနိုင်ငံသားတချို့ကို ထောင်တွင်းအထိ ဒုက္ခသည်ကဒ်များထုတ်ပေးခြင်း ဆောင်ရွက်ပေးမှုများ ရှိနေချိန်တွင် မြန်မာဒုက္ခသည်များနှင့် အထူးသဖြင့် တစ်စုံတစ်ရာ သော အကာကွယ်ရရှိနိုင်ရေး မျှော်လင့်ချက်ဖြင့် ဒုက္ခသည် အသိအမှတ်ပြုအထောက်အထား လျှောက်ထားရန် နယူးဒေလီမြို့ရှိ UNHCR ရုံးသို့ သွားရာလမ်းတွင် အဖမ်းခံသည့် ဒုက္ခသည်များကို  လုစ်လျူရှုနေသည်မှာ အလွန်ကို မတရားသော လုပ်ရပ်ဟု ကျွန်ုပ်တို့ယူဆသည်။ ထို့အပြင် အဖမ်းခံထားရသည့် မြန်မာစစ်ပြေး ဒုက္ခသည်များအရေးနှင့် စပ်လျဉ်းပြီး အိန္ဒိယအစိုးရထံ သီးခြားတောင်းဆိုမှုများ ပြုလုပ်ရေးရန် UNHCR ထံသို့ တောင်းဆိုမှုများရှိခဲ့သော်လည်း UNHCR အနေဖြင့် ထိရောက်သော သီးခြားတောင်းဆိုမှုများ ပြုလုပ်ပေးခြင်းမရှိသည်မှာ လွန်စွာဝမ်းနည်းဖွယ်ဖြစ်သည်။ မြန်မာနိုင်ငံသည် ကိုဗစ်-၁၉ ကပ်ဘေးကြောင့် ကြီးမားသော ထိခိုက်ဆုံးရှုံးမှုများရှိလာသည့် တစ်ဆက်ထဲတွင် စစ်အာဏာသိမ်းမှုနောက်ဆက်တွဲ ပြင်းထန်သော ပြည်တွင်းစစ်မီးဒဏ်ကိုလည်း ဆက်တိုက်ဆိုသလို လက်လက် ရင်ဆိုင်ကြုံတွေ့လာခဲ့ရပြီး ယနေ့အချိန်အထိ နိုင်ငံရေး၊ စီးပွားရေး လူမှုရေး၊ ကျန်းမာရေး အဖက်ဖက်မှ အထွေထွေ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည့် နိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံအတွင်းတိုက်ပွဲများလည်း ဆက်လက် ပြင်းထန်နေပြီး ကမ္ဘာတစ်ဝှမ်း နိုင်ငံများ၏ ပဋိပက္ခသတင်းအချက်အလက်များ လေ့လာစောင့်ကြည့်နေသည့် Armed Conflict Location & Event Data Project (ACLED) သုတေသနအဖွဲ့၏ ကမ္ဘာ့ပဋိပက္ခညွှန်းကိန်းတွင်လည်း အဆင့် (၂) သတ်မှတ်ခြင်း ခံရသောကြောင့် မြန်မာစစ်ဘေးဒုက္ခသည်များကို လူသားချင်းစာနာမှုရှုထောင့်မပါပဲ တရားမဝင်ခိုးဝင် လာသူများအဖြစ် ရှုမြင်သည့် အိန္ဒိယနိုင်ငံ၏ မူဝါဒပြောင်းလဲလာအောင် UNHCR အနေဖြင့် ထိရောက်သော သီးသန့်စည်းရုံးတိုက်တွန်းမှုများ ပြုလုပ်ပေးသင့်သည်။

# ၁၂။ အကြံပြုချက်များ

## (က) အိန္ဒိယအစိုးရထံ တောင်းဆိုအကြံပြုချက်များ

၁။ လက်ရှိဖမ်းဆီးထိန်းသိမ်းခံထားရသော မြန်မာဒုက္ခသည်များကို ချွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးပြီး နှိပ်ကွပ်မှု ခံရနိုင်သည့်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းမပြုရေးအခြေခံမှု (non-refoulement principle) နှင့်အညီ ၎င်းတို့အား မြန်မာစစ်အုပ်စုထံ ပြန်လည်အပ်နှံမည့် အစီအစဉ်များအားလုံး ရပ်ဆိုင်းပါ။

၂။ မြန်မာဒုက္ခသည်များကို တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများအဖြစ်ရှုမြင်သည့် မူဝါဒနှင့် ချဉ်းကပ်ပုံနည်းလမ်းကို အမြန်ဆုံးပြန်လည်သုံးသပ်ကာ နေရပ်စွန့်ခွာထွက်ပြေးလာသည့် ဒုက္ခသည်များအဖြစ် အသိအမှတ်ပြုကူညီနိုင်ရေး အခိုင်အမာ ထည့်သွင်းစဉ်းစား ဆောင်ရွက်ပါ။

၃။ အိန္ဒိယရှိမြန်မာအရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် UNHCR အပါအဝင် အခြားနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အိန္ဒိယနိုင်ငံတွင် လာရောက်ခိုလှုံသည့် မြန်မာဒုက္ခသည်များကို စနစ်တကျ မှတ်တမ်းတင်မှုများပြုလုပ်ကာ လိုအပ်သော လူသားချင်းစာနာမှုအကူအညီများ ပေးနိုင်အောင် ဆောင်ရွက်ပါ။

၄။ အိန္ဒိယနိုင်ငံသို့ရောက်ရှိနေသော မြန်မာစစ်ဘေး ဒုက္ခသည်များအားလုံး လုံခြုံမှုအာမခံချက်ရှိအောင် အခိုင်အမာ ဆောင်ရွက်ပေးပြီး မြန်မာဒုက္ခသည်များနှင် ပတ်သက်၍ ဒေသခံအိန္ဒိယ ပြည်သူများအကြား စိုးရိမ်မှုများကို အဆုံးသတ်နိုင်ရန် ၎င်းတို့ကို တရားမဝင် လာရောက်အခြေချနေထိုင်သူများ၊ နောက်ဆက်တွဲ ပြဿနာဖန်တီးသူများ အဖြစ် ပုံဖော်လှုံ့ဆော်နေမှုများကို ထိရောက်စွာ ဖော်ထုတ်တားဆီးပါ၊ လိုအပ်ပါက အိန္ဒိယနိုင်ငံရှိ မြန်မာအရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ပါ။

၆။ အကြမ်းဖက်မြန်မာစစ်အုပ်စုအား တရားဝင်မှုပေးခြင်း၊ နိုင်ငံရေး၊စစ်ရေး၊စီးပွားရေးအရ ကူညီထောက်ပံ့မှုများ ပေးနေခြင်းကို အမြန်ဆုံးရပ်တန့်ပါ။

၇။ မြန်မာစစ်အုပ်စုကို နည်းမျိုးစုံဖြင့် ဒဏ်ခတ်ရေးယူနေသော အခြားဒီမိုကရေစီနိုင်ငံအစိုးရများနှင့် လိုအပ်သလို ပူးပေါင်းကာ နိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ တည်ဆောက်ရေးအတွက် ပံ့ပိုးကူညီနိုင်ရန် ထိရောက်သောအစီအမံများ ချမှတ်ဆောင်ရွက်ပါ။

## (ခ) UNHCR နှင့် နိုင်ငံတကာအဖွဲ့အစည်းများထံ တောင်းဆိုအကြံပြုချက်များ

၁။ မြန်မာစစ်ဘေးဒုက္ခသည်များကို တရားမဝင်ခိုးဝင်ပြီး လာရောက်အခြေချနေထိုင်သူများအဖြစ် ရှုမြင်သည့် အိန္ဒိယ နိုင်ငံ၏ မူဝါဒပြောင်းလဲလာအောင် အထူးသဖြင့် UNHCR အနေဖြင့် အိန္ဒိယအစိုးရကို ထိရောက်သော သီးသန့်စည်းရုံး တိုက်တွန်းမှုများ ပြုလုပ်ပေးပါ။

၂။ အိန္ဒိယအစိုးရနှင့် အိန္ဒိယနိုင်ငံရှိ မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဒုက္ခသည်များအတွက် အသိအမှတ်ပြု အထောက်အထားထုတ်ပေးခြင်းနှင့် လူသားချင်းစာနာမှု အကူအညီများပေးနိုင်ရေး တိုးမြှင့် ဆောင်ရွက်ပါ။

၃။ ဒုက္ခသည်များ မြန်မာစစ်အုပ်စုလက်ထဲသို့ ပြန်လည်အပ်နှံခြင်း မခံရစေရန်နှင့် နှိပ်ကွပ်မှုခံရနိုင်သည့်နိုင်ငံသို့ပြန်လည် ပို့ဆောင်ခြင်းမပြုရေးအခြေခံမှု (non-refoulement principle) နှင့်အညီ ဒုက္ခသည်များက မိမိသဘောဆန္ဒအရ လုံခြုံစွာပြန်နိုင်သည့် အချိန်အထိ ခိုလှုံခွင့်ရနိုင်ရန် အိန္ဒိယအစိုးရကို စည်းရုံးတိုက်တွန်းမှုများ ပြုလုပ်ပါ။

၄။ မြန်မာနိုင်ငံအတွင်းသို့ ထိရောက်သော လူသားချင်းစာနာမှုအကူအညီများ ပေးပို့နိုင်ရန် အိန္ဒိယအပါအဝင် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများ နှင့် ဆွေးနွေးညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်ပြီး အမြန်ဆုံးနည်းလမ်းရှာဖွေအကောင်အထည် ဖော်ပါ။

၅။ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အထူးသဖြင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများတွင်ရှိသော UNHCR ရုံးများအနေဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ အထူးသဖြင့် အိန္ဒိယနိုင်ငံ၏ မြန်မာစစ်ဘေးဒုက္ခသည်များအပေါ် သီးခြားကန့်သတ်ချက်များ ထိန်းချုပ်မှုများကို ဖြေလျှော့ပေးလာအောင် စည်းရုံးတိုက်တွန်းပေးပါ။

၆။ အိန္ဒိယနိုင်ငံအစိုးရက မြန်မာဒုက္ခသည်များထံမှ ကောက်ယူထားသော ဇီဝအချက်အလက်များ၏ လုံခြုံရေးကို အထူးအာမခံနိုင်ရန်နှင့် အလွဲသုံးစားပြုမှုများ မဖြစ်စေရန် စောင့်ကြည့်စည်းရုံးတိုက်တွန်းမှုများ ပြုလုပ်ပေးပါ။

၇။ UNHCR အစီအစဉ်ဖြင့် တတိယနိုင်ငံခိုလှုံခွင့်အား သီးခြားကန့်သတ်ဆောင်ရွက်ခြင်း မဖြစ်စေပဲ မြန်မာဒုက္ခသည်များ အပါအဝင် ဒုက္ခသည်များအားလုံး တန်းတူအခွင့်အရေး ရရှိနိုင်အောင် ဆောင်ရွက်ပေးပါ။

## (ဂ) မြန်မာနိုင်ငံတော်လှန်ရေး ဦးဆောင်အင်အားစုများထံ တောင်းဆိုအချက်ပြုချက်များ

၁။ အမျိုးသားညီညွတ်ရေးအစိုးရက တရုတ်နိုင်ငံနှင့်ပတ်သက်၍ မူဝါဒကြေငြာချက် ထုတ်ပြန်ခဲ့သလို အိန္ဒိယနိုင်ငံ အပါအဝင် အခြားအိမ်နီးချင်းနိုင်ငံများနှင့် ထိတွေ့ဆက်ဆံရေး မူဝါဒများချမှတ်ကာ အိမ်နီးချင်းနိုင်ငံများတွင် ခိုလှုံနေသော မြန်မာနိုင်ငံသားများ အခွင့်အရေးအတွက် ၎င်းတို့နှင့် ထိတွေ့ဆက်ဆံမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ပေးပါ။

၂။ တော်လှန်ရေး ဦးဆောင်အဖွဲ့များဖြစ်သော အမျိုးသားအတိုင်ပင်ခံကောင်စီ (NUCC) ၊ အမျိုးသားညီညွတ်ရေး အစိုးရ (NUG) တို့နှင့် အိန္ဒိယနိုင်ငံနှင့်ထိစပ်နေသော ဖက်ဒရယ်ယူနစ် တော်လှန်ရေးဦးဆောင်အဖွဲ့များအကြား ပူးပေါင်းညှိနှိုင်း တိုင်ပင်၍ အိန္ဒိယအာဏာပိုင်များနှင့် ထိတွေ့ဆောင်ရွက်နိုင်မည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ကာ အိန္ဒိယနိုင်ငံတွင် ခိုလှုံနေသော မြန်မာဒုက္ခသည်များအရေး စည်းရုံးတိုက်တွန်းမှုများ ပြုလုပ်ပေးပါ။

၃။ မြန်မာ့အရေးအပေါ် စာနာနားလည်မှုဖြင့် အလေးထားကူညီပေးနေသည့် နယ်စပ်အိန္ဒိယပြည်နယ်များနှင့် လက်တွဲ ပူးပေါင်းကာ မြန်မာ့အရေးနှင့်စပ်လျဉ်းသည့် အိန္ဒိယနိုင်ငံဗဟိုအစိုးရ၏ မှားယွင်းသော မူဝါဒများနှင့် ထိုမူဝါဒများ၏ နောက်ဆက်တွဲဆိုးကျိုးသက်ရောက်မှုများကို ပူးပေါင်းဖြေရှင်းနိုင်ရေး နည်းလမ်းရှာဖွေ အကောင်အထည်ဖော်ပါ။

### ကိုးကားချက်များ


1 https://www.facebook.com/burmapoliticalprisoners/posts/pfbid0WCbqegEu13koaQzih151kK4dCCihned-D65AXBRcVGz6tKMDnMNFjefPKBF7DvH2ul

2 https://www.facebook.com/data4myanmar/posts/pfbid0kVqKHXwe7Scv5RkqfkbgQQr1BmeDkggVApi8n-hUHF9o77gPG5AfF4FGRqrNKMkSul

3 https://www.facebook.com/nldparty/posts/pfbid02N5MnpBJKVgYG4BuBPWXwWKKNKmnbDJEEMwjsjZB-jSMgDyboo1mhsFncpKnUQYgwTl

4 https://www.facebook.com/bacs.mm/posts/pfbid02ng5aLbWwsjWFF3xLL4bodKvNrhwMNWejErdrNAPj-p1yECZxsqNgk5CUsPyaG9rS9l

5 https://data.unhcr.org/en/documents/details/109668

6 https://data.unhcr.org/en/documents/details/109668

7 https://myanmar.un.org/en/276716-myanmar-humanitarian-update-no-40

8 https://acleddata.com/conflict-index/index-july-2024/

9 https://www.usnews.com/news/world/articles/2024-05-02/india-deports-myanmar-refugees-who-fled-2021-coup#:~:text=GUWAHATI%2C%20India%20(Reuters)%20%2D,forces%20and%20the%20ruling%20junta

10 https://www.usip.org/publications/2023/06/understanding-indias-manipur-conflict-and-its-geopolitical-implications

11 https://india4myanmar.net/category/research/

12 https://economictimes.indiatimes.com/news/economy/foreign-trade/myanmar-wants-rupee-kyat-trade-arrangement-by-june-end/articleshow/100938474.cms?from=mdr

13 https://www.youtube.com/watch?v=3YwrlL3OL_M

14 https://www.thehindu.com/news/national/over-5000-refugees-sheltering-in-manipurs-naga-district-fearing-aerial-bombardment-attacks-in-myanmar-assam-rifles-dg/article68313232.ece

15 ချင်းဒုက္ခသည်ကော်မတီ၏ ခန့်မှန်းချက်ဖြစ်ပြီး၊ UNHCR သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ ခန့်မှန်းချက်များ မရှိထားပါ။

16 ကျွန်ုပ်တို့ နယ်မြေခံ တာဝန်ရှိသူများ ခန့်မှန်းချက်ဖြစ်ပြီး၊ UNHCR သို့မဟုတ် အခြားအဖွဲ့အစည်းများ၏ ခန့်မှန်းချက်များ မရှိထားပါ။